မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့သည် အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန်းဟူးကျေးရွာရှိ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်စတင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံဦးတည်ချက်များဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍စတင်ကျင်းပသည်။**(ယာပုံ)** ***စာမျက်နှာ ၄ ကော်လံ ၁*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

စည်ပင်သာယာရေးလုပ်ငန်းများ တိုးမြှင့်ကြိုးပမ်း

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘ၀ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းစနစ်ကျနသော လူမှုပတ်၀န်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အစဉ် ရှေးရှုဆောင်ရွက်ပေးနေရသည့် လုပ်ငန်းများ ဖြစ်သည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက အဓိကဖော်ဆောင်ပေးလျက်ရှိသည်။ ကျေးရွာတွင်း လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးရွာမှ မြို့သို့တက်သည့် လမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် မိမိတို့၌ရှိသော ကိုယ်ပိုင်အရည်အသွေး၊ စွမ်းအားစုများနှင့် နည်းပညာများကိုအသုံးချပြီး ကျေးလက်နေ ပြည်သူများ၏ ထောက်ခံအားပေးမှုကိုပါ စည်းရုံးရယူကာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ် အထိ နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်း ၃၂၉၃၉ မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တံတားပေါင်း ၁၉၀၃၂ စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ တစ်ချိန်တည်း၌ မြို့ပြလမ်း ၅၅၁၃ မိုင်နှင့် မြို့ပြတံတား ၁၁၃၂၂ စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ၁၀ နှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ၌ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ ၈၀၄၂ ရွာအနက် ကျေးရွာ ၇၇၁၇ ရွာကို ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလားတူ ကျန်ပြည်နယ်၊ တိုင်းများ၌ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၁၅၁၈၃ ရွာအနက် ကျေးရွာပေါင်း ၈၃၀၅ ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး အနေအထားဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ရန် ကျေးရွာ စုစုပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၆၀၂၂ ရွာကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်မှ ငွေကျပ် သန်း ၂၀၀၀၊ စည်ပင်သာယာရေးအဖွဲ့များမှ ငွေကျပ် ၄၀၃၃ သန်းနှင့် စေတနာရှင်၊ အလှူရှင်များ ပါ၀င်လှူဒါန်းငွေကျပ် ၁၃၀၆ သန်း၊ အမေရိကန်ဒေါ်လာ ၇၆၇၅၂၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရို၇၇၀တို့ကို ပေါင်းစပ်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခွန်အခများ ကောက်ခံရာတွင် ရသင့်ရထိုက်သော အခွန်၊ အခများ အပြည့်အ၀ရရှိရေး၊ စည်းကြပ် ကောက်ခံသွားကြရမည် ဖြစ်သကဲ့သို့ လုပ်ငန်းအသုံးစရိတ်များ ကျခံသုံးစွဲရာ၌လည်း အလေအလွင့်မရှိအောင် အရည်အသွေး ပြည့်မီသော လုပ်ငန်းများဖြစ်ရေးနှင့် နိုင်ငံတော်က ပြည်သူများအပေါ်ထားရှိသည့် စေတနာမှန်များကို ပေါ်လွင်စေရန် တာ၀န်ရှိသူတိုင်းက စိစစ်လုပ်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်၀ါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ၀င်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်သမ္မတဟူကျင်တောင် အိန္ဒိယသို့သွားရောက်မည်

ပေကျင်း အောက်တိုဘာ ၁၀

တရုတ်သမ္မတဟူကျင်တောင်၏ နို၀င်ဘာလအတွင်းသွားရောက်မည့်အိန္ဒိယခရီးစဉ်က နှစ်နိုင်ငံမဟာဗျူဟာ ဆက်ဆံရေး ခိုင်မာစေရန်နှင့် အိမ်နီးချင်း နှစ်နိုင်ငံအကြားနားလည်မှု၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပီတီအိုင်က ဖော်ပြထားသည်။

တရုတ်သမ္မတဟူကျင်တောင်၏ ခရီးစဉ်မှာ ဆယ်စုနှစ် တစ်ခုအတွင်း အိန္ဒိယသို့ တရုတ်နိုင်ငံ အကြီးအကဲတစ်ဦးအနေဖြင့် ပထမဆုံးသွားရောက်သည့် ခရီးစဉ် ဖြစ်လိမ့်မည်ဟု တရုတ်လက်ထောက် နိုင်ငံခြားရေး၀န်ကြီးကောင်က အိန္ဒိယမီဒီယာကိုယ်စားလှယ်အဖွဲ့အား ပြောကြားလိုက်သည်။

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံပြီးအပြုသဘောဆောင်သော မိတ်ဖက်အဖြစ် တည်ဆောက်ရာတွင် သမ္မတဟူကျင်တောင်၏ အိန္ဒိယခရီးစဉ်က အဓိကကဏ္ဍမှ ပါ၀င်မည်ဖြစ်ကြောင်း ကောင်က ပြောကြားလိုက်သည်။ **အမ်အင်အေ၊ပီတီအိုင်**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းကြားဖြတ်အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆို

ဗန်ကောက် အောက်တိုဘာ ၁၀

ထိုင်းကြားဖြတ်အစိုးရအဖွဲ့၀င်များကို ထိုင်းဘုရင်က အတည်ပြုခဲ့ပြီးနောက် အောက်တိုဘာ ၉ရက်၌ ကျမ်းသစ္စာကျိန်ဆိုမှုပြုခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ အောက်တိုဘာ ၉ရက် နံနက်ပိုင်းက ကျင်းပရာ ထိုင်းကြားဖြတ်အစိုးရအဖွဲ့၀င်၀န်ကြီးများ တက်ရောက်ခဲ့ကြသည်ဟု ထိုင်းမီဒီယာများက ဖော်ပြသည်။ ထိုင်းဘုရင် ဘူမိဘောအဒူယာဒတ်က ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ ထိုင်းကြားဖြတ်အစိုးရအဖွဲ့၀င်များအားလုံး ရိုးသားဖြောင့်မတ်မှုနှင့်အတူ အလုပ်လုပ်ကြရန် ပြောကြားခဲ့ကြောင်း ထိုင်းနိုင်ငံထုတ် နေ့ရှင်းသတင်းစာ၌ ဖော်ပြသည်။

တာ၀န်ထမ်းဆောင်

ထိုင်းကြားဖြတ် အစိုးရအဖွဲ့တွင် အဖွဲ့၀င်၂၆ဦးပါ၀င်ပြီး ထိုင်းကြားဖြတ်၀န်ကြီးချုပ် စူရာယုဒ်ချူလာနွန်က အစိုးရအဖွဲ့ကို ဦးဆောင်မည်ဖြစ်သည်။ အငြိမ်းစားဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်သည် ထိုင်းနိုင်ငံ၏ ၂၄ဦးမြောက် ၀န်ကြီးချုပ်အဖြစ် အောက်တိုဘာ ၁ရက်မှ စတင်ကာ တာ၀န်ထမ်းဆောင်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အစိုးရအိမ်တော်၌ ၀န်ကြီးချုပ် စူရာယုဒ်ချူလာနွန် (အလယ်)၊ **ဒုတိယ၀န်ကြီးချုပ်နှင့် ဘဏ္ဍာရေး၀န်ကြီး ပရီဒီယာသွန်းဒီဗာကူလာ**(၀ဲ)**နှင့် ဒုတိယ၀န်ကြီးချုပ်နှင့် စက်မှု၀န်ကြီး ကိုဆစ်ပန်ပီယမ်ရက်စ်**(ယာ)**တို့ကို ၀န်ကြီးအဖွဲ့နှင့်အတူ တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

မလေးရှားရုပ်မြင်သံကြားနှင့် စီစီတီဗွီ အစီအစဉ်များ ဖလှယ်၍ ထုတ်လွှင့်ကြမည်

ကွာလာလမ်ပူ အောက်တိုဘာ ၁၀

မလေးရှား ရေဒီယိုနှင့် ရုပ်မြင်သံကြား(အာတီအမ်)နှင့်တရုတ်ရုပ်မြင်သံကြား(စီစီတီဗွီ) တို့သည် မကြာမီ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ထိပ်တန်းတာ၀န်ရှိသူတစ်ဦးက အောက်တိုဘာ ၈ရက်၌ ဖော်ပြသည်။

စီစီတီဗွီနှင့် အာတီအမ်တို့သည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အစီအစဉ်များ ဖလှယ်ကြမည်ဖြစ်ကြောင်း မလေးရှား ပြန်ကြားရေး၀န်ကြီးဇိုင်နွတ်ဒင်ဘင်မိုင်ဒင်က ပြောကြားသည်။

သို့သော်လည်း စီစီတီဗွီက နိုင်ငံရေးဆိုင်ရာ အစီအစဉ်များ မထုတ်လွှင့်လိုကြောင်းပြောကြားခဲ့သည်ဟုဆိုသည်။

ထိုအတောအတွင်း နိုင်ငံတကာရေဒီယိုကလည်း အာတီအမ်နှင့် တရုတ်နိုင်ငံ၌ မလေးရှားဘာသာဖြင့် ထုတ်လွှင့်ရန် စိတ်၀င်စားကြောင်း ပြောကြားခဲ့သည်ဟု ဇိုင်နွတ်ဒင်က ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြ၀တီရုပ်မြင်သံကြား

၁၁–၁၀–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြ၀တီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်၀န်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြ၀တီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀ ၁။ မြ၀တီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်၀င်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြ၀တီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေ၀သသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း–၇)
၈း၀၀ ၁၆။ မြ၀တီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြ၀တီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း–၁၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၁၀–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ နိုင်ငံတကာအနုပညာရေးရာ
၇း၂၀ တေးဂီတအစီအစဉ်
၇း၃၅ ခွန်အားတိုးတက် အားအင်ပြည့်ဖြိုးစေမည့် နို့တစ်ခွက်
၇း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀ အာဟာရနှင့် ကျန်းမာရေး (အပိုင်း၊၂)
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဒသမအကြိမ် ဘွဲ့ယူ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲ
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ ဆည်ရေပေး၀ေနိုင်ရေး ဘင်ခေါင်းဘင်သားတို့၏ တာ၀န် ၀တ္တရားများ
၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ Midweek Sports News
၉း၃၀ မိုးလေ၀သခန့်မှန်းချက်
၉း၃၅ မမေ့နိုင်စရာ ရှမ်းရိုးရာအစားအစာ
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ Myanmar Video Rhythm
၁၀း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်) (ဒေါက်တာမိုးမိုးသွယ်)
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ တစ်ရက် ၂၅ တန်ကျ ငါးအမှုန့်ကြိတ်စက်ရုံ (မြိတ်မြို့)
၁၁း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ ခေတ်မီစတိုင်လ်ကျ ရယ်ဒီမိတ်အထည်လှလှ
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ ဒေသဇရောအစားအစာ ပုသိမ်ဟာလ၀ါ
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

✡ **ရှေ့ဖုံးမှ**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မွန်းလွဲ ၂နာရီခွဲတွင် အင်းလေး ဖောင်တော်ဦးဘုရားသို့ တောင်ကြီးမြို့မှတစ်ဆင့် ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ပန်းနှင့် သောက်တော်ရေများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလေး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဂေါပကအဖွဲ့ ဩဝါဒါစရိယ စိန်နှင့်မြကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုမုဒ္ဒာအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အင်းလေး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား လာရောက် ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဂေါပကအဖွဲ့ ဩဝါဒါစရိယ စိန်နှင့်မြကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုမုဒ္ဒာအား စိန်နှင့်မြကျောင်းတိုက်၌ ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရားမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကြည့်ရှုလေ့လာ

အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များသည် သီတင်းကျွတ်လဆန်း ၁ ရက် (၂၂–၉–၂၀၀၆ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (၉–၁၀–၂၀၀၆ ရက်)အထိ အင်းလေးဒေသ ၂၁ ဌာနသို့ ၁၈ ရက်တိုင် ဒေသစာရီကြွချီ အပူဇော်ခံခဲ့ပြီး ၉–၁၁–၂၀၀၆ ရက် နံနက်ပိုင်းတွင် ဖောင်တော်ဦးကျောင်းတော်၌ ပြန်လည် ကိန်းဝပ်စံပယ်အပူဇော်ခံရာ စံကျောင်းတော်တက်ပွဲအခမ်းအနားကို ရှေးရိုးစဉ်လာမပျက် ခမ်းနားစည်ကားစွာကျင်းပခဲ့ပြီး စံကျောင်းတော်တက်ပွဲ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ အထူးစည်ကားစွာ လာရောက် ဖူးမြော်ကြည်ညို၍ ကမ္ဘာ့လှည့်ခရီးသည်များလည်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် အောက်တိုဘာ ၈ ရက် ညပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အသင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လိုအပ်သည်များကို မှာကြားကြသည်။

ကြိုးပမ်းဆောင်ရွက်

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အော်တိုအိတ်ချိန်းနှင့် ဂျီအက်စ်အမ်မိုဘိုင်းလ်အိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆက်သွယ်မှုလုပ်ငန်းများ ချောမွေ့အဆင်ပြေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များဖြည့်ဆည်းပေး

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းနှင့် မြို့နယ် ပညာရေးမှူးများ၊ လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)နှင့် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းများနှင့် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အမေရိကန်၏စွပ်စွဲချက်သည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မသိကျိုးကျွန်ပြု၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ)၏
သဘောထားကြေညာချက်

ရက်စွဲ–၂၀၀၆ခုနှစ် စက်တင်ဘာ ၂၆ ရက်

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသည် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်လာနိုင်ကြောင်း စွပ်စွဲတင်ပြခဲ့သဖြင့် ၁၅–၉–၂၀၀၆ ရက်တွင် မြန်မာ့အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်သည် မြန်မာပြည်တွင်း၌ လက်တွေ့ဖြစ်ပေါ်တိုးတက်နေသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကိစ္စအဝဝကို မသိကျိုးကျွန်ပြုထားသည့် စွပ်စွဲချက်သာဖြစ်ပါသည်။

၃။ ကျွန်တော်တို့ ကရင်နီအမျိုးသားညီညွတ်ရေးအဖွဲ့ အပါအဝင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လက်တွဲဆောင်ရွက်လျက်ရှိသဖြင့် လက်တွေ့တွင် အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားနေရပြီဖြစ်ပါသည်။ ထိုသို့အောင်မြင်မှုများ ရရှိခံစားနေရသဖြင့် နိုင်ငံအဝန်း အေးချမ်းသာယာမှုလည်း ရရှိနေပါသည်။

၄။ အေးချမ်းသာယာမှု ရရှိခံစားနေရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်လာစေနိုင်ကြောင်း အမေရိကန်၏စွပ်စွဲချက်များသည် ကျွန်ုပ်တို့နိုင်ငံ၏ ရရှိထားပြီးသော အခြေအနေကောင်းများကို ပျက်ပြားစေရန် ကုလသမဂ္ဂအား အသုံးချ၍ ဆောင်ရွက်လာခြင်းဖြစ်သဖြင့် အမေရိကန်နိုင်ငံ၏ လုပ်ရပ်အပေါ် ကျွန်ုပ်တို့ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့က ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးစောရီချဒ်
ဥက္ကဋ္ဌ
ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့။

မြန်မာ့ရုပ်မြင်သံကြား

၁၁–၁၀–၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချို့အေး မင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let'°s Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇း၂၅ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇း၃၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇း၄၅ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) ဝါသနာရှင်[ဒုတိယတန်းအဆင့်] (အမျိုးသမီး)
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၃။ **"သတင်းကောင်း"** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ–ညိုမင်းလွင်)
- ၁၉း၂၅ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၉း၄၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉း၅၀ ၁၆။ မြေခဲတောင်ရေလှောင်တမံ
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"စိန်ခြယ်ဖြာရောင်လင်း"** သုမောင်၊ ရူပ၊ ဖိုးသောကြာ၊ မေသဉ္ဇာဦး (ဒါရိုက်တာ–သုမောင်)

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရှေ့ပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန် နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းရယူ

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme.Phoebe A.Gomez နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ အိန္ဒိယ သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆားဗီးယား နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး တို့ တက်ရောက်လေ့လာကြပြီး မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်း နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ အယ်ဒီတာ ချုပ်များနှင့် သတင်းတာဝန်ခံများ၊ ပြည်ပ သတင်းဌာနများဖြစ်သည့် Nihon Kezai Shimbun၊ AFP၊ Tokyo Broadcasting System(TBS)၊ AP၊ NHK၊ Fuji Television၊ Reuters၊ Tokyo Shimbun၊ Asahi Shimbun၊ TV Asahi၊ Sankei Shimbun၊ Ji Ji Press၊ Yomiuri Shimbun၊ Financial Times၊ Kyodo News၊ European Pressphoto Agency (EPA)၊ Mainichi Shimbun၊ Nishi Nippon၊ BBC၊ DPA၊ (German Press Agency)၊ Australia Broadcasting Corporation(ABC)၊ Cable News International INC (CNN) နှင့် Nippon Television တို့မှ ဒေသဆိုင်ရာ တာဝန်ခံများနှင့် သတင်းထောက်များ တက်ရောက် သတင်းရယူကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စား လှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက် လေ့လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်း ရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

လိုက်လံနှုတ်ဆက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများ ကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂ အဖွဲ့ အစည်းများဆိုင်ရာ ဒေသ ညှိနှိုင်းရေးမှူးနှင့် ပြည်တွင်းပြည်ပ သတင်းစာ ဆရာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦး ရှိပြီး ၁၀၇၅ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၄၄ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အဖွင့်မိန့်ခွန်း ပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တ ရပ်နားသည်။

(သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်း ပြောကြားသော အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်စပ်လျဉ်းသည့် ရှင်းလင်းချက် များကို သီးခြားဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်သည်။

(သတင်းစဉ်)

တက်ရောက်

အမျိုးသားညီလာခံ စုံညီအစည်း အဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင် ရာ နိုင်ငံခြားသံရုံးများမှ သံအမတ် ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်လာ ကြသော ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအား တွေ့ရ စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ အဖွဲ့အစည်းကြီးကို မိမိနိုင်ငံအကျိုးစီးပွားအတွက် ခုတုံးလုပ်အသုံးချခြင်းဟာ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းကို ပြောင်ပြောင်တင်းတင်းဖောက်ဖျက်ခြင်းဖြစ်

● *ကျောဖုံးမှ*

ရပါကြောင်း ပြောကြားလိုပါတယ်။ မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စများကို မငဲ့မကွက်ဘဲ အမျိုးသားရေးအကျိုးစီးပွားအတွက် အလေးထားပြီး ယခုညီလာခံကြီးကို ယခင်အကြိမ်များနည်းတူ မပျက်မကွက် စုံစုံညီညီ တက်ရောက်လာကြတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းများကို ၂၀၀၄ခုနှစ် မေလကစပြီး ကျင်းပပြုလုပ်လာခဲ့တာ ယခုအကြိမ်ဆိုရင် စတုတ္ထအကြိမ်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံကြီးများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ပြီးခဲ့တဲ့ အခြေခံမူများနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များအပေါ် ကိုယ်စားလှယ်တော်ကြီးများ လေ့လာဆွေးနွေးအကြံပေးခဲ့ကြတဲ့ တူညီသောသဘောထားများကို သဘာပတိအဖွဲ့က ပြန်လည်စုစည်းတင်ပြပြီး အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်လာခဲ့ရာမှာ လုပ်ငန်းများအတော်အသင့် အောင်မြင်ပြီးမြောက်လာခဲ့ပြီ ဖြစ်ပါတယ်။

ပြန်လည်စိစစ်

ယခုအကြိမ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ယခင်အပတ်က ကိုယ်စားလှယ်တော်ကြီးများ တွေ့ဆုံဆွေးနွေးအကြံပေးခဲ့ကြတဲ့ လွှတ်တော်အသီးသီးတို့ရဲ့ ဆက်သွယ်ဆောင်ရွက်မှု၊ နိုင်ငံသား၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော် စတဲ့ကဏ္ဍများအတွက် သဘာပတိအဖွဲ့ရဲ့ စုစည်းတင်ပြချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်ထားသော ဦးတည်ချက်၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ ပြန်လည်စိစစ်ပြီး ညီလာခံကိုယ်စားလှယ်ကြီးများကို ပြန်လည်ချပြ၍ သဘောတူညီချက်ရယူကာ အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်သွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

ယခုအချိန်အထိ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်နှင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အသေးစိတ်အခြေခံမူများ တစ်ခုပြီးတစ်ခု ချမှတ်လာနိုင်ခဲ့ခြင်းဟာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ကိုယ်စားလှယ်ကြီးများရဲ့ တာဝန်သိသိ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီလို **အမျိုးသားညီလာခံကြီးရဲ့လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး နောင်ဖြစ်ပေါ်လာမယ့် နိုင်ငံတော်ရဲ့အနာဂတ်ကို ပုံဖော်ရှုမြင်နိုင်တဲ့အခြေအနေကို ရောက်ရှိလာတာနဲ့အမျှ ပြည်တွင်းပြည်ပက အဖျက်သမားတွေရဲ့ ဖြတ်လမ်းက အာဏာရရှိရေး မျှော်မှန်းချက်တွေဟာ မေးမှိန်ပျောက်ကွယ်လာပြီဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးပျက်ပြားသွားအောင် အကြမ်းဖက်မှု၊ ဆူပူအုံကြွမှုတို့ အပါအဝင်နည်းလမ်းမျိုးစုံနဲ့ ကြံစည်လုပ်ဆောင်လျက်ရှိနေကြပါတယ်။** ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများရဲ့ လုံခြုံရေး၊ အမျိုးသားညီလာခံကြီးရဲ့ လုံခြုံရေးတို့ကို သတိနဲ့ယှဉ်ပြီး ကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်ပါတယ်။

ရှင်းလင်းချပြ

ယခုကျင်းပပြုလုပ်မယ့် အမျိုးသားညီလာခံမှာ ကျွန်တော်အထက်က တင်ပြသွားခဲ့တဲ့ အခန်းလိုက် ခေါင်းစဉ်သုံးခုအတွက် အသေးစိတ်အခြေခံမူများ ချမှတ်သွားကြမှာဖြစ်သလို နောက်ထပ်ကျန်ရှိတဲ့ အခန်းလိုက်ခေါင်းစဉ်များနဲ့ပတ်သက်ပြီး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ကိုယ်စားလှယ်တော်ကြီးများအား ရှင်းလင်းချပြပြီး ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

လက်ရှိ တပ်မတော်အစိုးရဟာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရင်း ပြည်သူအများ လိုလားတောင့်တနေကြတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ကြိုးပမ်းဆောင်ရွက်နေတာ အားလုံးအသိပင် ဖြစ်ပါတယ်။

ရင်ဆိုင်ကျော်လွှား

မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်ရဲ့တာဝန်ကို စတင်ယူခဲ့ရချိန်မှာ တိုင်းပြည်ဟာ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မင်းမဲ့စရိုက်ဆိုးတွေ လွှမ်းမိုးနေတဲ့ အခြေအနေ၊ နယ်စပ်ဒေသများမှာ လက်နက်ကိုင်ဆန့်ကျင်မှုတွေနဲ့ တည်ငြိမ်အေးချမ်းမှုမရှိတဲ့ အခြေအနေ၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ မပြည့်မစုံနဲ့ နိုင်ငံရဲ့ စီးပွားရေးကျဆင်းပြီး အဘက်ဘက်မှာ ယိုယွင်းနိမ့်ကျနေတဲ့ အခြေအနေရှိခဲ့ပါတယ်။ အဲဒီအခြေအနေကနေ ယနေ့ **နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံမှာ ဘယ်ခေတ် ဘယ်ကာလနဲ့မျှမတူအောင် အဘက်ဘက်က တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေကောင်းကိုရောက်အောင် အခက်အခဲအမျိုးမျိုး၊ တားဆီးပိတ်ပင် အကျပ်ကိုင်မှုအဖုံဖုံ၊ အနှောင့်အယှက် အဖျက်အဆီးများစွာကို ရင်ဆိုင်ကျော်လွှားပြီး ပြည်သူများရဲ့စွမ်းအားနဲ့ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ခဲ့ခြင်းဟာ များစွာဂုဏ်ယူဖွယ်ပဲ ဖြစ်ပါတယ်။**

ယနေ့အခြေအနေဟာ ရရှိဖြစ်ထွန်းနေပြီဖြစ်တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ရင်း မိမိနိုင်ငံနဲ့ မိမိလူမျိုး အနှောင်အဖွဲ့ကင်းရှင်းစွာ ကြီးပွားတိုးတက်ရေး၊ ပြည်ထောင်စုကြီး မယိုင်မလဲ မပြိုမကွဲ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် စိတ်ဝမ်းကွဲပြားမှုတွေ၊ မလိုလားအပ်တဲ့ အငြင်းပွားမှုတွေရှောင်ရှားပြီး အမျိုးသားရေးသန္နိဋ္ဌာန်စိတ်နဲ့ တစ်ဖြောင့်တစ်မတ်တည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရည်မှန်းချက်ဆိုက်ရောက်သည်အထိ ကြိုးပမ်းဆောင်ရွက်ရမယ့် အချိန်အခါကို ရောက်ရှိနေပြီလို့ ပြောကြားလိုပါတယ်။

စနစ်တကျလုပ်ဆောင်

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းဟာ ကိုလိုနီနယ်ချဲ့ရဲ့ ကျွန်ဘဝရောက်ခဲ့ရချိန်ကစပြီး သမိုင်းကြောင်း မကောင်းခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့တို့ဟာ မြန်မာနိုင်ငံတော်ကို တစည်းတလုံးတည်းအခြေအနေမှာ ကျူးကျော်သိမ်းပိုက်ခဲ့သော်လည်း သူတို့အုပ်စိုးချိန်မှာ အပိုင်းပိုင်းခွဲခြား အုပ်ချုပ်ခဲ့သည်သာမက တစ်ယူသန် လူမျိုးရေး ဘာသာရေးအစွဲအလမ်းတွေ သွတ်သွင်းခဲ့ပြီး လွတ်လပ်ရေးပေးရမယ့်အချိန်မှာလည်း အစိတ်စိတ် အပိုင်းပိုင်း ခွဲခြားပေးသွားဖို့ စနစ်တကျ လုပ်ဆောင်ခဲ့ကြပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံလွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် တိုင်းပြည်အုပ်ချုပ်ရေးအတွက် လက်တွေ့လွှဲပြောင်းယူရတော့မယ့်အချိန်အခါမှာ နိုင်ငံရေးအာဏာလုမှုတွေနဲ့အတူ ကိုလိုနီနယ်ချဲ့တို့ သွတ်သွင်းထားတဲ့ တစ်ယူသန်လူမျိုးရေး အစွဲအလမ်းတွေ၊ ပြည်နယ်၊ ပြည်မဆိုပြီး စိတ်ဝမ်းကွဲပြားစေတဲ့ အယူအဆတွေ ပြန်လည်ခေါင်းထောင်လာမှုကြောင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြည်ထောင်စုပြိုကွဲမှုကို ဦးတည်နေတဲ့ အားနည်းချက်တွေ ပါဝင်လာခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံလွတ်လပ်ရေးရခဲ့သော်လည်း တိုင်းပြည်ဟာ မတည်မငြိမ် မအေးမချမ်းနဲ့ ပြည်သူအများ ကျီးလန့်စာစားနေခဲ့ရတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်အပေါ်မှာ နိုင်ငံရေးပါတီတွေရဲ့ အမြတ်ထုတ်မှုတွေ၊ နိုင်ငံရေးအပေးအယူလုပ်မှုတွေကြောင့် ပြည်ထောင်စုကြီးပြိုကွဲရတော့မယ့်အချိန်မှာ တပ်မတော်ဟာ နိုင်ငံ့တာဝန်ကို ယူခဲ့ရတာတွေ့ရပါတယ်။

စိုးရိမ်မှုလွန်ကဲ

ဒါပေမယ့် အတိတ်ကာလက နိုင်ငံရေးအရ မညီမညွတ်ဖြစ်မှုတွေ၊ ပြည်ထောင်စုပြိုကွဲလုမတတ် ဖြစ်ခဲ့ရတဲ့ အခြေအနေတွေအပေါ်မှာ စိုးရိမ်မှုလွန်ကဲမှုတွေကြောင့် တစ်ပါတီနိုင်ငံရေးစနစ်၊ ဗဟိုချုပ်ကိုင်မှုလွန်ကဲတဲ့ စီးပွားရေးစနစ်တို့နဲ့အတူ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုတွေမှာ လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်မှုမရှိတဲ့ အလွန် rigid ဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်သာ ဖြစ်ပေါ်လာခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်ဖော်ဆောင်မပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် **မိမိတို့တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲမှုတို့ကို အစဉ်ထာဝရ အာမခံပေးနိုင်မယ့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါဟာ အတိတ်သမိုင်းကြောင်း အမွေဆိုးတွေကို အပြီးတိုင်ပယ်ဖျက်ပြီး နောင်မျိုးဆက်သစ်များအတွက် ကြည်လင်တောက်ပတဲ့ သမိုင်းအမွေကောင်းတွေ ထားရစ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။**

ဖန်တီးဖော်ဆောင်

အဘက်ဘက်ကပြည့်စုံပြီး တည်တံ့ခိုင်ခံ့တဲ့ ပြည်ထောင်စုကြီးဖြစ်လာစေရေးမှာ အခြေခိုင်မာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းတွေ ဦးစွာလိုအပ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲမှုကို အခြေခံတဲ့ နိုင်ငံရေး အခြေခံကောင်းတွေ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများအပေါ် အခြေပြုပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ စီးပွားကုန်သွယ်မှုတို့ကို အားပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်အခြေခံကောင်းတွေ၊ တစ်မျိုးသားလုံးရဲ့ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အမျိုးသားယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို အခြေခံတဲ့ လူမှုရေးအခြေခံကောင်းတွေကို ဦးစွာတည်ဆောက်ပေးပြီး ဒီအခြေခံကောင်းတွေရဲ့ စွမ်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲမယ့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖန်တီးဖော်ဆောင် ပေးနိုင်စေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသားပြည်သူတွေအားလုံး ရည်မှန်းချက်ရှိရှိနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ယခုအချိန်မှာ နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုတွေ ရရှိနေပြီဖြစ်လို့ ပြည်သူတွေဟာ မိမိတို့ရဲ့ ပရိယေသနဝမ်းစာကို လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း လုံလုံခြုံခြုံ ရှာဖွေစားသောက်နေနိုင်ကြပြီ ဖြစ်ပါတယ်။ နိုင်ငံနဲ့အဝန်းမှာ ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ၊ မီးရထားလမ်း၊ မော်တော်ကားလမ်းသစ်တွေ၊ မြစ်ကူးချောင်းကူးတံတားကြီးတွေ၊ လေယာဉ်ကွင်းတွေစတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ ပေါ်ထွန်းလာခဲ့ပြီး ပြည်သူတွေအတွက်များစွာ အကျိုးပြုနေပြီဖြစ်ပါတယ်။

သိသာစွာတိုးပွား

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စီမံကိန်းများရေးဆွဲပြီး စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် စီမံကိန်းကာလတစ်ခု ပြီးမြောက်တိုင်း စီးပွားရေးတိုးတက်မှုနှုန်းဟာ သိသိသာသာ တိုးတက်လာခဲ့ပြီး လူတစ်ဦးချင်းရဲ့ တစ်နှစ်ပျမ်းမျှဝင်ငွေဟာလည်း သိသာစွာ တိုးပွားလာနေပြီ ဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက် ပြည်နယ်/တိုင်း အသီးသီးနဲ့ အချက်အချာကျတဲ့ဒေသများမှာ ဝိဇ္ဇာ/သိပ္ပံ ဒီကရီ ကောလိပ်တွေ၊ တက္ကသိုလ်တွေ၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တွေ အသီးသီးပေါ်ထွန်းလာပြီး မိမိတို့ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာများကို လွယ်ကူချောမွေ့စွာ သင်ယူနိုင်နေပြီဖြစ်သလို အခြေခံပညာသင်ယူမှု အပိုင်းမှာလည်း အခြေခံပညာကျောင်းပေါင်းများစွာ ထူထောင်ပေးထားတဲ့အတွက် ကျောင်းနေနှုန်းနှင့် စာတတ်မြောက်မှုနှုန်းများလည်း သိသိသာသာ တိုးပွားလာလျက်ရှိနေပြီဖြစ်ပါတယ်။

လုံးဝကင်းစင်

ကျန်းမာရေးကဏ္ဍမှာလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုမှာ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ တည်ထောင်ပေးထားတဲ့အပြင် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးတွေ၊ အထူးကုဆေးရုံကြီးတွေကိုလည်း ဒေသရဲ့ လိုအပ်ချက်အလိုက် ထူထောင်ပေးထားပြီး အထူးကုဆရာဝန်ကြီးတွေ၊ ခေတ်မီရောဂါရှာဖွေရေးနဲ့ ကုသရေးပစ္စည်းကိရိယာတွေ ဖြည့်ဆည်းပေးထားတဲ့အတွက် ပြည်သူများအနေနဲ့ ရောဂါဘယမျိုးစုံကို မိမိတို့ဒေသအတွင်းမှာပင် ပျောက်ကင်းအောင် ကုသနိုင်နေပြီဖြစ်သလို တချို့သော ကူးစက်ရောဂါဆိုးများဟာ မြန်မာ့မြေပေါ်မှပင် လုံးဝကင်းစင်သွားပြီဖြစ်ပါတယ်။ HIV/AIDS ၊ တီဘီ၊ ငှက်ဖျားစတဲ့ ရောဂါများ ပပျောက်ရေးကိုလည်း ကျန်းမာရေးဝန်ကြီးဌာနသာမက လူမှုရေးအဖွဲ့အစည်းများနဲ့ပါ ပူးပေါင်းပြီး တစ်နိုင်ငံလုံး တက်တက်ကြွကြွ ကာကွယ်တားဆီး ကုသနေကြတဲ့အတွက် ဒီရောဂါများရဲ့ ဖြစ်ပွားမှုနှုန်းများဟာ အိမ်နီးချင်းနိုင်ငံတချို့ထက်ပင် ကျဆင်းလျော့နည်းနေကြောင်း UN AIDS, WHO, UNDP စတဲ့ အဖွဲ့အစည်းများရဲ့ ကိန်းဂဏန်းများအရ အခိုင်အမာပြသနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဒီလို နိုင်ငံတော်ကြီး အဘက်ဘက်က တိုးတက်ဖြစ်ထွန်းလာနေခြင်းဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခြေခံအုတ်မြစ်များ တစ်စထက်တစ်စ အခြေခိုင်ခံ့လာနေခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ခိုင်မာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများက ပေါက်ဖွားလာတဲ့ ဒီမိုကရေစီ စနစ်သည်သာ အမျိုးသားရေးကိုယ်ခံစွမ်းအားနဲ့ ပြည့်စုံပြီး ရေရှည်တည်တံ့ခိုင်မြဲမယ်ဆိုတဲ့ ခံယူချက်နဲ့ စေတနာရှေ့ထားပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အကျည်းတန် အရုပ်ဆိုး

သို့သော်လည်း နိုင်ငံတော်အစိုးရ ဆောင်ရွက်သမျှ ဆန့်ကျင်ဖျက်ဆီးနေကြတဲ့ အဖျက်သမားများကတော့ တိုင်းပြည် ပျက်ချင်ပျက်ပါစေ၊ လက်ရှိအစိုးရပြုတ်ကျပြီး သူတို့အာဏာရရင်ပြီးရောဆိုတဲ့ ဆိုးညစ်တဲ့ သဘောထားတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းတွေ ပျက်ယွင်းပြီး ပြည်သူလူထု ဆင်းရဲဒုက္ခရောက်အောင်၊ ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ တိုင်းပြည် ဖရိုဖရဲ ပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးအောင် နည်းမျိုးစုံနဲ့ ကြံစည်လုပ်ဆောင်နေကြတာတွေဟာ အလွန်မှ အကျည်းတန်အရုပ်ဆိုးတဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၃

နိုင်ငံတော်အစိုးရ ဆောင်ရွက်သမျှ ဆန့်ကျင်ဖျက်ဆီးနေကြတဲ့ အဖျက်သမားများကတော့ တိုင်းပြည်ပျက်ချင်ပျက်ပါစေ၊ လက်ရှိအစိုးရပြုတ်ကျပြီး သူတို့အာဏာရရင်ပြီးရောဆိုတဲ့ ဆိုးညစ်တဲ့ သဘောထားတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းတွေ ပျက်ယွင်းပြီး ပြည်သူလူထု ဆင်းရဲဒုက္ခရောက်အောင်၊ ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ တိုင်းပြည် ဖရိုဖရဲ ပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးအောင် နည်းမျိုးစုံနဲ့ ကြံစည်လုပ်ဆောင်နေကြတာတွေဟာ အလွန်မှ အကျည်းတန်အရုပ်ဆိုးတဲ့ လုပ်ရပ်တွေပဲဖြစ်။

11-10 (05) 1 10/11/06, 3:26 AM

ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ လုံခြုံရေးကောင်စီကို ခုတုံးလုပ်ပြီး မြန်မာ့အရေး ခြယ်လှယ်ရန်လုပ်ဆောင် အမျိုးသားညီလာခံ ပျက်ပြားအောင် လုပ်ဆောင်လာသည့်လုပ်ရပ်ကို ညီလာခံကိုယ်စားလှယ်များ ဆန့်ကျင်ရှုတ်ချ အမေရိကန်နှင့် အပေါင်းပါပုဆိန်ရိုးများ မည်သို့နှောင့်ယှက်နေသည်ဖြစ်စေ ညီလာခံကို ဆက်လက်ကျင်းပသွားမည် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများရရှိအောင် အကြံဉာဏ်ကောင်းများဖြင့် ညှိနှိုင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၀

ယနေ့ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

ဒီကနေ့ အမျိုးသားညီလာခံ အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများကို ယခုလို စုံစုံညီညီ ပြန်လည်တွေ့ဆုံရတဲ့အတွက်လည်း အထူးပင်ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ယခုအမျိုးသားညီလာခံကို ပြန်လည်ကျင်းပရာမှာ ယခင်ဖိတ်ကြားခဲ့တဲ့ ကိုယ်စားလှယ်များစာရင်းအတိုင်း ပြန်လည်ဖိတ်ကြားခဲ့ပါတယ်။ သို့သော်လည်း ၎င်းကိုယ်စားလှယ်များထဲမှ ကွယ်လွန်သွားကြတဲ့ ကိုယ်စားလှယ်များ၊ ကျန်းမာရေး အလွန်အမင်းချို့ယွင်းသွားတဲ့ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းအဖြစ်က အငြိမ်းစားယူသွားကြတဲ့ ကိုယ်စားလှယ်များရှိခဲ့ကြလို့ အဲဒီနေရာတွေမှာ အစားထိုး ရွေးချယ်ခဲ့ရတဲ့အတွက် ကိုယ်စားလှယ်အသစ်များပါဝင်လာကြပါတယ်။ ပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ကြီးများအနေနဲ့ ညီလာခံရဲ့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို အသိစိတ်နဲ့ယှဉ်ပြီး လိုက်နာဆောင်ရွက်ခဲ့ကြတဲ့အတွက် အမျိုးသားညီလာခံကြီးဟာ အောင်အောင် မြင်မြင်ပြီးဆုံးခဲ့ပါတယ်။ ဒါပေမယ့် အခုညီလာခံမှာ ကိုယ်စားလှယ်အသစ်များလည်း ပါရှိလာတာမို့ ကိုယ်စားလှယ်အသစ်များ အနေနဲ့ လုပ်ထုံးလုပ်နည်းများ၊ အခြားသိသင့်သိထိုက်တဲ့ အချက်အလက်များကို သိရှိလိုက်နာနိုင်ဖို့နဲ့ ကိုယ်စားလှယ်ဟောင်းများ အနေနဲ့လည်း ပြန်လည်သတိရလိုက်နာနိုင်ဖို့အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့တကွ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖြေဖျော်ရေး၊ လုံခြုံရေးစတဲ့ ကိစ္စများကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်မှာ နိဒါန်းနဲ့ အခန်း(၇)ခန်း ပါရှိပါတယ်။

အခန်း(၁)မှာတော့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်များအဖြစ်–

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
- နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနဲ့
- အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

ဆိုတဲ့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ကို ဖော်ပြထားပါတယ်။ ကိုယ်စားလှယ် ကြီးများအနေနဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် ဖော်ပြပါအမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်အတွင်းကနေ ဆွေးနွေးညှိနှိုင်းဖော်ထုတ်သွားကြရမှာ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၂)မှာတော့ ညီလာခံကိုယ်စားလှယ်ဖြစ်မြောက်ခြင်း၊ ညီလာခံကိုယ်စားလှယ်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ညီလာခံကိုယ်စားလှယ်များရဲ့ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ညီလာခံကိုယ်စားလှယ်များရဲ့ ကျင့်ဝတ်နှင့် စည်းကမ်းများနဲ့ သဘာပတိအဖွဲ့ အကြောင်းအရာများကို အဓိက ဖော်ပြသတ်မှတ်ထားပါတယ်။

ရည်ရွယ်ချက်သတ်မှတ်

ကိုယ်စားလှယ်ကြီးများအတွက် အမျိုးသားညီလာခံ တာဝန်ထမ်းဆောင်ကြရာမှာ တာဝန်နဲ့လုပ်ပိုင်ခွင့်(၇)ရပ်နဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်(၃)ရပ် သတ်မှတ်ပေးထားပါတယ်။ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကိုခံစားသလို တာဝန်နဲ့ လုပ်ပိုင်ခွင့်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီးများအတွက် ကျင့်ဝတ်နဲ့ စည်းကမ်းများလည်းသတ်မှတ်ထားပါတယ်။ ဒါတွေဟာလည်း ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်ရွယ်ပြီး သတ်မှတ်ထားတာ ဖြစ်ပါတယ်။

အဲဒီအခန်းမှာ ညီလာခံကိုယ်စားလှယ်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရေးကြီးတဲ့ ကျင့်ဝတ်နဲ့ စည်းကမ်းများကတော့–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှတစ်ပါး အခြားမည်သည့်နိုင်ငံရဲ့ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုဖို့၊

၂။ ညီလာခံသဘာပတိအဖွဲ့ သို့မဟုတ် ကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိရဲ့ ညွှန်ကြားချက်များကို လေးစားလိုက်နာဖို့၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

၃။ ညီလာခံကိုယ်စားလှယ်တစ်ဦးရဲ့ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ဖို့၊ အမျိုးသားညီလာခံလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်းမပြုလုပ်ဖို့၊

၄။ ညီလာခံ အစည်းအဝေးတွင် ဓမ္မဓိဋ္ဌာန်ကျကျဆွေးနွေးဖို့၊ ပုဂ္ဂိုလ်ရေးပုတ်ခတ်မှုများ၊ အဖွဲ့အစည်းတစ်ခုခုအား ပုတ်ခတ်မှုများကိုရှောင်ရှားဖို့၊

၅။ အစည်းအဝေးခန်းမတွင်းသို့ ဝင်တိုင်း၊ထွက်တိုင်း နိုင်ငံတော်အလံကို အလေးပြုပြီးမှ ဝင်၊ ထွက်ဖို့၊

၆။ မည်သည့်အစည်းအဝေးခန်းမတွင်းသို့မဆို လက်နက်ခဲယမ်းမီးကျောက်များ၊ အသံဖမ်းကိရိယာများ၊ လက်ကိုင်တယ်လီဖုန်းများ၊ ဗီဒီယိုကင်မရာ၊ ဓာတ်ပုံကင်မရာများ၊ ကွန်ပျူတာ၊ လက်ပ်တော့ကွန်ပျူတာနှင့် အလားတူကိရိယာများ ယူဆောင်လာခြင်းမပြုဖို့၊

၇။ အမျိုးသားညီလာခံသတင်းများကို တရားဝင်ထုတ်ပြန်ခြင်းမပြုမီ ညီလာခံ ကိုယ်စားလှယ်များက ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လျှို့ဝှက်ထားဖို့တို့ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံ အစည်းအဝေးများ ကျင်းပတဲ့အခါမှာ စုံညီအစည်းအဝေးများနဲ့ အစုအဖွဲ့အစည်းအဝေးများကိုကြီးကြပ်ပေးဖို့ သဘာပတိအဖွဲ့များ လိုအပ်ပါတယ်။ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များမှ ၁၀ ဦး၊ ကျန်အစုအဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်ငါးဦးစီတို့နဲ့ ရွေးချယ်ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင်များအတွက် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးထားပါတယ်။ ဒီတာဝန်နဲ့ လုပ်ပိုင်ခွင့်တွေနဲ့အညီ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင်များက ညီလာခံအစည်းအဝေးများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲ ပေးသွားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

အခန်း(၃)မှာတော့ အမျိုးသားညီလာခံအစည်းအဝေးကျင်းပချိန်မှာ ကိုယ်စားလှယ်များအား စိစစ်ခြင်းနဲ့ အစည်းအဝေးထမြောက်ခြင်းတို့နဲ့ ပတ်သက်ပြီး ဖော်ပြထားပါတယ်။ အမျိုးသားညီလာခံအစည်းအဝေးများဟာ ညီလာခံ ကိုယ်စားလှယ်အားလုံးရဲ့ ၅၀ရာခိုင်နှုန်းတက်ရောက်ရင် အစည်းအဝေး ထမြောက်မှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၄)မှာကတော့ ဆွေးနွေးရန် နည်းလမ်းများကို သတ်မှတ်ထားပြီးတော့ ညီလာခံစုံညီအစည်းအဝေး၌ ဆွေးနွေးရာမှာ လိုက်နာရမည့်အချက်များ၊ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးရာမှာ လိုက်နာရမည့်အချက်များနဲ့ လိုက်နာရမည့်စည်းကမ်းများကို ဖော်ပြထားပါတယ်။ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများကို ပြောကြားရမယ်ဆိုရင်–

၁။ ကိုယ်စားလှယ်များဟာ မိမိတို့ဆွေးနွေးအကြံပြုလိုတဲ့ အချက်များကို မိမိတို့ကိုယ်စားလှယ်အစုအဖွဲ့အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာ သဘာပတိအဖွဲ့ထံ တင်ပြရမှာဖြစ်ပါတယ်။ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကို စုစည်းပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြရပါမယ်၊

၂။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ မိမိတို့အစုအဖွဲ့ရဲ့ အများသဘောတူညီတဲ့ အကြံပြုချက်စာတမ်းအပြင်၊ မိမိတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစုအဖွဲ့လိုက် ဆွေးနွေးပွဲမှာ ဆွေးနွေးပြီး သဘာပတိအဖွဲ့မှတစ်ဆင့်အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါတယ်၊

၃။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟာလည်း မိမိတို့နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း၊ အရွေးချယ်ခံ ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာ အစုအဖွဲ့လိုက်အတွင်း ဆွေးနွေးညှိနှိုင်းပြီး အများသဘောတူညီသည့် အကြံပြုချက်စာတမ်းကို သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရမှာဖြစ်ပါတယ်၊

၄။ အထက်ပါ ပါတီအလိုက် အများသဘောတူညီသော အကြံပြုချက်စာတမ်းအပြင် နိုင်ငံရေးပါတီ ညီလာခံကိုယ်စားလှယ်နဲ့ အရွေးချယ်ခံ ညီလာခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့တစ်ဦးချင်း သီးခြားတင်ပြလိုသော အကြံပြုချက်ရှိပါက မိမိတို့အစုအဖွဲ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး သဘာပတိအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါတယ်။

၅။ အထက်ပါ နိုင်ငံရေးပါတီများ ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ တစ်သီးပုဂ္ဂလများရဲ့ အကြံပြုတင်ပြချက်များဟာ သဘောထားကွဲလွဲချက်ရှိနေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တတ်နိုင်သမျှ ညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

ဆက်လက်ပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ဆွေးနွေးရာမှာ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ပြောကြားသွားပါမယ်–

၁။ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမယ့် အစုအဖွဲ့အလိုက် ပြုစုထားတဲ့အကြံပြုစာတမ်းများဟာ ဆွေးနွေးလိုတဲ့အချက်များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမှာ ဖြစ်ပါတယ်။

၂။ ၎င်းအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြမယ့်ကိုယ်စားလှယ် တစ်ဦး သို့မဟုတ် နှစ်ဦး၊သုံးဦးတို့ရဲ့ အမည်နှင့်အတူ သတ်မှတ်ပေးထားသည့် အချိန်အတွင်း မိမိတို့အစုအဖွဲ့ သဘာပတိမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီထံတင်ပြရပါမယ်။

၃။ ညီလာခံစုံညီအစည်းအဝေးတွင် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းရာမှာလည်း ကြိုတင်ပေးပို့အတည်ပြုထားတဲ့စာတမ်းကို ကြိုတင်အမည်စာရင်းပေးတင်ပြထားသူကသာ ဖတ်ကြားတင်ပြရမှာ ဖြစ်ပါတယ်။ ဖတ်ကြားတင်ပြရာတွင်လည်း အတည်ပြုစာတမ်းပါ အကြံပြုချက်များကိုသာ တင်ပြရမှာဖြစ်ပါတယ်။

၄။ အစုအဖွဲ့လိုက် ဆွေးနွေးပွဲမှာလည်းကောင်း၊ ညီလာခံစုံညီအစည်းအဝေးမှာလည်းကောင်း၊ ဆွေးနွေးအကြံပြုမှုများဟာ အမျိုးသား ညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ဘောင်အတွင်းမှသာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

၅။ ညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းကြသော အကြံပြုတင်ပြချက်များတွင် သဘောထားကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင်သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြု သဘောထားပေးနိုင်စေရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

အစုအဖွဲ့လိုက် အစည်းအဝေးများမှာလည်းကောင်း၊ ညီလာခံစုံညီ အစည်းအဝေးမှာလည်းကောင်း ဆွေးနွေးပြောဆိုကြရာမှာ လိုက်နာသင့်တဲ့ စည်းကမ်းများလည်း သတ်မှတ်ထားရှိပါတယ်။ အဲဒီစည်းကမ်းတွေကတော့–

၁။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော စကားများ မပြောဆိုဖို့၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့် စကားများ မပြောဆိုဖို့၊

၃။ ဥပဒေဘောင်အတွင်း ရပ်တည်ခြင်းမရှိသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များရဲ့ အကျိုးစီးပွားအတွက် ပြောဆိုခြင်းမပြုဖို့၊

၄။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်း ရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့် စကားများ မပြောဆိုဖို့၊

၅။ မည်သည့် ဘာသာ သာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုဖို့၊

၆။ ညီလာခံမှာ ဆွေးနွေးပြီးပြတ်ပြီးဖြစ်တဲ့ ကိစ္စတစ်ရပ်ရပ်ကို ထပ်မံတင်ပြခြင်း မပြုဖို့၊

၇။ ညီလာခံကိုယ်စားလှယ် တစ်ဦးဦးကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း မပြုဖို့၊

စာမျက်နှာ ၇ ကော်လံ ၁

11-10 (06) 1 10/11/06, 3:26 AM

စာမျက်နှာ ၆ မှ

၈။ စာတမ်းဖတ်ကြားတင်ပြရာမှာ မိမိကြိုတင်ပေးပို့ထားတဲ့ စာတမ်းအတိုင်းသာ ဖတ်ကြားဆွေးနွေးကြဖို့၊ ဆွေးနွေးချက် စာတမ်းမှာမပါရှိတဲ့ အကြောင်းအရာတွေကို မပြောဆိုဖို့၊ အကယ်၍ မူလစာတမ်းမှာ မပါတဲ့ အချက်များကို ဖတ်ကြားတင်ပြခဲ့ရင်လည်း မူလစာတမ်းအတိုင်းသာ မှတ်တမ်းတင်ထားဖို့ မူချမှတ်ထားပါတယ်၊

၉။ ဒါ့အပြင် ညီလာခံစုံညီ အစည်းအဝေး ဒါမှမဟုတ် အစုအဖွဲ့ အစည်းအဝေး ပြုလုပ်နေတဲ့အခါ အစုအဖွဲ့အလိုက်ဖြစ်ဖြစ်၊ တစ်ဦးချင်းပဲဖြစ်ဖြစ် ဆန္ဒပြထွက်ခွာခြင်းမပြုဖို့၊ အော်ဟစ်လှောင်ပြောင်ခြင်းမပြုဖို့ သတ်မှတ်ထားပါတယ်။

ညီလာခံ အောင်မြင်ရေးနဲ့ ညီလာခံရဲ့ ဂုဏ်သိက္ခာနဲ့ အညီ ဖြစ်စေရေးအတွက် ဒီစည်းကမ်းချက်တွေကို လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

အခန်း(၅)မှာတော့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များကို ကာကွယ်မှုပေးထားခြင်းနဲ့အတူ စောင့်ထိန်းရမယ့် တားမြစ်ချက်အချို့ကိုလည်း သတ်မှတ်ထားတာတွေ့ရပါတယ်။ အဲဒီတားမြစ်ချက်တွေထဲက အရေးကြီးတဲ့ အချက်တွေကတော့-

၁။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ခွင့်ပြုထားခြင်းမရှိတဲ့ စာရွက်စာတမ်းများ ဖြန့်ဝေခြင်း မပြုဖို့၊

၂။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လျှို့ဝှက်ထိန်းသိမ်းထားရန် သတ်မှတ်ထားတဲ့ စာရွက်စာတမ်းများကို ပြင်ပသို့ ပြောဆိုခြင်း၊ ပေါက်ကြားခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း မပြုဖို့၊

၃။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ ညီလာခံတက်ရောက်နေစဉ် ကာလတွင် အိပ်ဆောင်၊ အစည်းအဝေးခန်းမအပါအဝင် ညီလာခံ ကျင်းပရာ ညောင်နှစ်ပင်ဝင်းအတွင်း လက်နက်ခဲယမ်းများ ယူဆောင်လာခြင်း၊ ကိုင်တွယ်ခြင်းမပြုဖို့တို့ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ယခု ကျွန်တော်ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များဟာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ထုံးလုပ်နည်းပါ အရေးကြီးသော အချက်များဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်း၊ တာဝန်နဲ့ ရပိုင်ခွင့်၊ စည်းကမ်းနဲ့ တားမြစ်ချက်များဟာ ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် စည်းကမ်းသတ်မှတ်ပေးတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးက နားလည်သဘောပေါက် လိုက်နာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးများ ညီလာခံကြီးကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်ပြောကြားလိုပါတယ်။

ပြန်လည်ပြုပြင်ထား

ကိုယ်စားလှယ်တော်ကြီးများ နေထိုင်ရေး အဆင်ပြေစေဖို့အတွက် ညီလာခံရပ်နားထားစဉ်အတွင်း ကိုယ်စားလှယ်ကြီးများရဲ့ အဆောင်များကို လုံခြုံသပ်ရပ်ကောင်းမွန်အောင် ရေ၊ မီး ပြည့်စုံလုံလောက်အောင် ပြန်လည်ပြုပြင်ထားရှိပါတယ်။

စားရေး သောက်ရေးမှာလည်း ကျန်းမာရေးနဲ့ညီညွတ်မှုရှိအောင် စစ်ဆေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဟင်းလျာအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး ချက်ပြုတ်ကျွေးမွေးလျက်ရှိပါတယ်။ ဘာသာရေးနဲ့အညီ စားသောက်နိုင်စေဖို့နဲ့ သက်သတ်လွတ်စားလိုသူများ စားနိုင်စေဖို့တို့အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများအနေနဲ့ နံနက်ခင်း၊ ညနေခင်းတွေမှာ လမ်းလျှောက်ခြင်း၊ ပြေးခုန်ခြင်းစတဲ့ ကျန်းမာရေးလေ့ကျင့်ခန်းများ လေ့ကျင့်နိုင်သလို အားကစားခန်းမအတွင်းမှာလည်း ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ကိုယ်ကာယလေ့ကျင့်ခန်းစတဲ့ အားကစားနည်းများအပြင် ဂေါက်သီးရိုက်လေ့ကျင့်ကွင်းမှာလည်း ဂေါက်ရိုက်လေ့ကျင့်နိုင်ဖို့ စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီးများရဲ့ ကျန်းမာရေးအတွက်လည်း ညောင်နှစ်ပင်စခန်းအတွင်း ဆေးရုံတစ်ရုံကို အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်၊ ဆရာမ ဆေးဝါးကိရိယာများအစုံအလင်နဲ့ ဖွင့်လှစ်ပေးထားပါတယ်။ အကယ်၍ ဆေးရုံတက်ရောက်ကုသဖို့လိုအပ်ရင်လည်း ကုသနိုင်ဖို့ပါ စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများ အပန်းဖြေနိုင်ရေးအတွက်လည်း အဆောင်များမှာ ရုပ်မြင်သံကြားစသည်များ စီစဉ်ထားရှိပေးသလို စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိရုံသာမက စာအုပ်အရောင်းဆိုင်နဲ့ အငှားဆိုင်များပါ ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ ဖျော်ဖြေရေး အနေနဲ့လည်း တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်၊ ပဒေသာကပွဲ၊ ရုပ်ရှင်များ အလှည့်ကျတင်ဆက်သွားဖို့ စီစဉ်ထားပါကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် ကိုယ်စားလှယ်ကြီးများ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့အတွက်လည်း ဝင်းသူဇာအရောင်းဆိုင်၊ G.E.C အရောင်းဆိုင်များ ဖွင့်လှစ်ပေးထားပါတယ်။ ဆံသဆိုင်၊ အလှပြင်ဆိုင်၊ ခဝါဆိုင်၊ မျက်မှန်ဆိုင်နဲ့ စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးထားပါတယ်။ သွားရေးလာရေး အဆင်ပြေစေဖို့ စီစဉ်ဆောင်ရွက်ပေးထားသလို ဆက်သွယ်ရေးအတွက်လည်း စာတိုက်၊ တယ်လီဖုန်းစသည်များပြည့်စုံအောင် စီစဉ်ထားရှိကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ဒီကနေ့ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမျိုးသားညီလာခံကြီးဟာ ပထမဆုံးနဲ့ ပဓာနအကျဆုံး လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ အလွန်အရေးကြီးသလို သမိုင်းမော်ကွန်းတင်ရမည့် လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီညီလာခံကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူထုလူတန်းစားအလွှာသီးသီးက ကိုယ်စားလှယ်ကြီးများဟာ တိုင်းချစ်ပြည် ချစ်စိတ်၊ ပြည်ထောင်စုစိတ်နဲ့ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး တက်ရောက် ဆွေးနွေး အကြံဉာဏ်များပေးလျက် ရှိနေကြပါတယ်။

စာမျက်နှာ ၅ မှ

ဒါ့အပြင် အတိတ်ကာလက နိုင်ငံတော်ကြီးကို ပဋိပက္ခအဖုံဖုံနဲ့ ဆုတ်ယုတ်ချည့်နဲ့စေပြီး ဆင်းရဲဒုက္ခနွံအတွင်းမှာ ရာစုနှစ်ထက်ဝက်ကျော် ဆွဲနှစ် ထားခဲ့တဲ့ တစ်ယူသန်လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေးအစွဲအလမ်းတွေ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်ဆည်းကပ်မှုအစွဲတွေ ပြန်လည်ပေါ်ပေါက် လာအောင် တိုင်းရင်းသားလူမျိုးများအကြား သွေးထိုးသပ်လျှိုမှုတွေ၊ မမှန်မကန် လုပ်ကြံသတင်းတွေ၊ ဇာတ်နာအောင် ဖန်တီးထားတဲ့ လုပ်ကြံဇာတ်လမ်းတွေ၊ နိုင်ငံတော်ဆန့်ကျင်သူမှန်သမျှကို သူရဲကောင်းဘွဲ့အမျိုးမျိုးပေးပြီး ချီးမြှင့် မြှောက်စားမှုတွေ လုပ်ဆောင်နေကြပါတယ်။ ဒီလိုတိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ဦးတည် ဖြိုခွဲတဲ့လုပ်ရပ်တွေကို ဖန်တီးနေကြတာတွေဟာ နိုင်ငံတော်ကြီးကို အနိဋ္ဌာရုံနွံအတွင်း ပြန်လည်ကျဆင်းအောင် လုပ်ဆောင်နေခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ အာဏာကိုဖြတ်လမ်းနည်းနဲ့ ရယူလိုကြတဲ့ ပြည်တွင်းပုဆိန်ရိုးများနဲ့ ၎င်းတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရကိုတင်လိုတဲ့ အမေရိကန်နိုင်ငံတို့ပူးပေါင်းပြီး အမျိုးသားညီလာခံကျင်းပမှုပျက်ပြားအောင် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြီး ဝင်ရောက်စွက်ဖက်နိုင်အောင် ဆောင်ရွက်လာတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူတစ်ရပ်လုံးနဲ့တကွ NGO အဖွဲ့အစည်းများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အမေရိကန်နဲ့ အပေါင်းအပါ ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများရဲ့ အဲဒီလုပ်ရပ်အပေါ် သဘောထားကြေညာချက်များထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချနေကြတာဖြစ်ပါတယ်။

ကျွန်တော်တို့ **အမျိုးသားညီလာခံကြီးဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ ညီလာခံဖြစ်တဲ့အပြင် အမျိုးသားညီလာခံအောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် အဓိကတာဝန်ရှိတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် တက်ရောက်လာကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားက အမေရိကန်နဲ့ အပေါင်းအပါ ပုဆိန်ရိုးများရဲ့ အမျိုးသားညီလာခံပျက်ပြားအောင် လုပ်ဆောင်လာတဲ့ အဲဒီလုပ်ရပ်ကို ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား ဆန့်ကျင်ရှုတ်ချလိုကြောင်း၊ အမေရိကန်နဲ့ အပေါင်းအပါ ပုဆိန်ရိုးတွေ မည်သို့ဟန့်တားနှောင့်ယှက်နေကြသည် ဖြစ်စေ၊ အမျိုးသားညီလာခံကို အောင်မြင်အောင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ သို့ပါ၍ မိမိတို့၏ ဆန္ဒသဘောထားများကို ဖော်ထုတ်နိုင်အောင် အမျိုးသားညီလာခံအထူးအစည်းအဝေးကို ကျင်းပပေးရန် တောင်းဆိုခဲ့ကြပါတယ်။** ဒါ့ကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များရဲ့ ဆန္ဒနဲ့အညီ ယခုနံနက်ပိုင်း အစည်းအဝေးပြီးတဲ့နောက် မွန်းလွဲပိုင်းမှာ အမျိုးသားညီလာခံ အထူးအစည်းအဝေးကို ကျင်းပပေးရန်ရှိကြောင်း ကြိုတင်အသိပေးအပ်ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား-

ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများက အခုလို ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ခုတုံးလုပ်ပြီး မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ဖို့ လုပ်ဆောင်လာသလို တစ်ဖက်ကလည်း ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားအောင်၊ အထွေထွေအခက်အခဲ အကျပ်အတည်းပေါ်ပေါက်ပြီး လူထုအုံကြွမှုဖြစ်လာအောင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ဖို့လည်း ကြံစည်ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများရဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အထူးကြပ်မတ် ဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။

လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အများအပြားရှိတဲ့အနက်က ကိုယ်စားလှယ်တော်ကြီးများနဲ့ သက်ဆိုင်နေတဲ့အချက်များကတော့-

၁။ ယာဉ်နဲ့လူ အဝင်/အထွက် အားလုံးကို ဂိတ်ဝမှာ အသေးစိတ်စစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိတဲ့ ယာဉ်နဲ့လူကိုသာ ဝင်/ထွက်ခွင့်ပြုမှာဖြစ်ပါတယ်၊

၂။ နေ့စဉ် ဝယ်ချက်ရတဲ့ အသား၊ ငါး၊ ဟင်းသီး ဟင်းရွက်၊ အခြားပစ္စည်း အားလုံးကိုလည်း စစ်ဆေးပြီး မှန်ကန်မှသာ ဝင်ခွင့်ပြုလျက်ရှိပါတယ်၊

၃။ ပြင်ပမှ ယာဉ်၊ လူ ဝင်ရောက်ခွင့် မပြုပါဘူး၊

၄။ ဧည့်သည်များကိုလည်း ရုံးခန်း၊ ကိုယ်စားလှယ်တော်ကြီးများရဲ့ အိပ်ဆောင် စတဲ့ နေရာများသို့ လာရောက်ခွင့်မပြုပါဘူး။ ကိစ္စကြီးငယ်ရှိပါက ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီသို့ အသိပေးတင်ပြရန်နဲ့ ကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊

၅။ ညောင်နှစ်ပင်ဝင်းအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်သူများ၊ ပုဂ္ဂလိကဈေးရောင်းသူများ၊ အလုပ်သမားများအားလုံးကိုလည်း လုံခြုံမှု စိစစ်ရေးကတ်များ ခွဲခြားထုတ်ပေးထားပြီး ၎င်းစိစစ်ရေးကတ်ရှိသူများကိုသာ နေထိုင် တာဝန်ထမ်းဆောင်ခွင့်ပြုထားပါတယ်၊

၆။ ညောင်နှစ်ပင်ဝင်းအတွင်း လုံခြုံရေးတာဝန်ရှိသူများမှအပ လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မပြုပါဘူး၊

၇။ ညီလာခံအစည်းအဝေးခန်း၊ အစုအဖွဲ့အစည်းအဝေးခန်းများအတွင်းသို့ လက်ဆွဲအိတ်များ ယူလာခွင့်မပြုပါဘူး၊ လိုတဲ့စာအုပ်စာတမ်း၊ ဆေးစသည်တို့ကို အိတ်မပါဘဲ ယူဆောင်ခွင့်ပြုပါတယ်။

ဒီလုံခြုံရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဟာ ညီလာခံကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးအတွက် အမှန်တကယ်လိုအပ်ချက်များအရ ဆောင်ရွက်ထားရတာဖြစ်ပါတယ်။ ညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ရေးနဲ့ မိမိတို့အားလုံးရဲ့ လုံခြုံရေးအတွက် ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ကိုယ်စားလှယ်ကြီးများ အားလုံးက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။

ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ မရှင်းလင်းတာ၊ သိလိုတာများရှိရင်လည်း နောက်ပိုင်းမှာ အချိန်မရွေး စုံစမ်းမေးမြန်းပါ။ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများအပါအဝင် မည်သည့်အခက်အခဲမဆိုရှိပါကလည်း ကျွန်တော်တို့ကို ပြောပါ၊ ကျွန်တော်တို့ တာဝန်ရှိသူအားလုံးက အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း ညီလာခံကာလအတွင်းမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရေးဆွဲရာမှာ အသေးစိတ်အခြေခံရမယ့်မူတွေ ရရှိအောင် အကြံကောင်း ဉာဏ်ကောင်းများစွာနဲ့ အစွမ်းကုန်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ဖိအားပေးအကျပ်ကိုင်

ပြည်ပနိုင်ငံကြီးတစ်နိုင်ငံကလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ တရားဝင်ကိန်းဂဏန်း အချက်အလက်တွေ၊ သိက္ခာသမာဓိရှိတဲ့ နိုင်ငံတကာပညာရှင်များရဲ့ ဆန်းစစ်သုံးသပ်ချက်တွေကို လျစ်လျူရှုပြီး နိုင်ငံတော်အပေါ် ဆန့်ကျင်နေကြတဲ့ အဖျက်သမားများက စည်းဝါးနရီကိုက် လုပ်ကြံပေးပို့ထားတဲ့ လုပ်ဇာတ်သတင်းတွေကိုသာ အခြေခံပြီး မြန်မာနိုင်ငံရဲ့ အရေးဟာ ဒေသတွင်းနဲ့ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်နိုင်တယ်ဆိုတဲ့ စွပ်စွဲချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အစီအစဉ်ထဲ ဇွတ်အတင်းသွတ်သွင်းနိုင်ဖို့အတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတွေကို နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးအကျပ်ကိုင်မှု၊ သွေးဆောင် သိမ်းသွင်းမှုတွေအပါအဝင် မလျော်ကန်တဲ့ နည်းလမ်းမျိုးစုံသုံးပြီး လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ဂိုဏ်းဂဏမဖွဲ့ဘဲ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေကြတဲ့ ကမ္ဘာ့နိုင်ငံအများစုတွေရဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေကြားကနေ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေအပေါ် မလျော်ညီဇာသုံးပြီး တစ်ကမ္ဘာလုံးက လေးစားအားထားရတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို မိမိနိုင်ငံအကျိုးစီးပွားအတွက် ခုတုံးလုပ်အသုံးချခြင်းဟာ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်ခြင်းပဲဖြစ်ပါတယ်။

အမျိုးသားရေးဇာတိမာန်ဆိတ်သုဉ်း

သို့သော်လည်း ပြည်ပအားကိုး အဖျက်သမားတွေကတော့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ဂုဏ်သိက္ခာထိခိုက်နစ်နာရမှုအပေါ် စိတ်ခံစားချက်၊ နာကြည်းချက်၊ အလျှင်းမရှိတဲ့အပြင် လက်ခုပ်လက်ဝါးတီး ကောင်းချီးသြဘာပေးနေကြတာတွေဟာ အမျိုးသားရေးဇာတိမာန် ဆိတ်သုဉ်းနေမှုကိုပြသနေတဲ့ လုပ်ရပ်တွေပဲ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်မှာ ပြည်သူတွေရဲ့ ဆန္ဒနဲ့ တရားသဖြင့် အာဏာအပ်နှင်းရေးလမ်းကြောင်းကို အတိအလင်းဖော်ညွှန်းပြသထားသော်လည်း မှန်ကန်တဲ့လမ်းကြောင်းကို မျက်စိမှိတ်ငြင်းကွယ်နေတဲ့အပြင် အမျိုးသားညီလာခံကြီးကိုပင် ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေကြတာတွေဟာ မူမမှန်တဲ့ သဘောထားတွေကို အတိအလင်းဖော်ပြနေခြင်းပဲဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ပြည်သူများ လိုလားတောင့်တနေတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ကူးပြောင်းရေးအတွက် မည်သို့ပင်အခက်အခဲ၊ အနှောင့်အယှက်၊ အဟန့်အတား၊ အဖျက်အဆီးများကြုံတွေ့သည်ဖြစ်စေ ပြည်သူအများရဲ့ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားပြီး အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပါတယ်။

ရှေးယခင်က ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အားနည်းချက်တွေကင်းစင်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရေရှည်အာမခံနိုင်တဲ့ အရှည်တည်တံ့ခိုင်ခံ့မယ့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရအောင် ဒီအမျိုးသားညီလာခံကြီးကတစ်ဆင့် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အမျိုးသားရေးသတိ

ဒါကြောင့် ယနေ့ဖွင့်လှစ်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးမှာအမျိုးသားရေးအသိနဲ့ အမျိုးသားရေးသတိကိုဆောင်ပြီး ယခင်အစဉ်အလာကောင်းများနဲ့အညီ တက်တက်ကြွကြွ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ညောင်နှစ်ပင်အောင်ပွဲ

* ကိုယ့်နိုင်ငံအရေး၊ ဒို့နွေးထွေးစွာ
ဆွေးနွေးတိုင်ပင်၊ အကောင်းမြင်ဝါဒ
အာဃာတမရှိ၊ ပကတိသန့်ရှင်း
သံသယကင်းသော၊ သွေးချင်းပီပီ
ချစ်ကြည်ရင်းနှီး၊ တစ်ခရီးတည်းသွား
ဒို့သွေးသားတွေ၊ မွေးဖွားချက်ကြွေ
ဇာတိမြေ၏၊ ရေရှည်အကျိုး
မျှော်ကိုးတွေးဆ၊ ဆွေးနွေးကြလော့...။

* ဝါဒမကွဲ၊ ပါတီစွဲကင်း
အမြင်ချင်းဖလှယ်၊ တကယ်လက်တွေ့
မျက်စိရှေ့မှာ၊ ယနေ့မြန်မာပြည်
ကမ္ဘာတည်အောင်၊ ဖြစ်တည်ရှင်သန်
အမှန်အမှား၊ အမျိုးသားရေး
အသက်သွေးတမျှ၊ အရေးကြီးလှသည့်
မြန်မာ့သမိုင်း၊ အရိုင်းနှင့်အယဉ်
နှိုင်းယှဉ်သုံးသပ်၊ သင်ဆုံးဖြတ်လော့...။

* မတ်မတ်ခိုင်ခိုင်၊ ကိုယ့်နိုင်ငံအရေး
ကိုယ်တိုင်တွေးလို့၊ အေးချမ်းခေတ်မီ
နိုင်ငံသစ်ဆီသို့၊ ဒို့ညီအစ်ကိုချင်း
သွေးသားရင်းတွေ၊ လက်ချင်းယှက်တွဲ
တစ်သက်မခွဲဘူး၊ ခိုင်မြဲဓိဋ္ဌာန်
ညီလာခံသဘင်၊ ညောင်နှစ်ပင်သည်
အောင်မြင်ရမည်၊ မုချတည်း။ ။

(အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုလျက်-)

ဟသ်ာတမြင့်ငွေ

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ဖို့ ကြိုးပမ်းနေသောအမေရိကန် တစ်ဖက်လှည့်မဟုတ်မမှန်လုပ်ကြံဖန်တီး လုပ်ဇာတ်ခင်းကာ ကုလသမဂ္ဂကိုအသုံးချ

ရန်ကုန် အောက်တိုဘာ ၁၀

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောစံရွှေက မိမိတို့အစုအဖွဲ့၏ဆန္ဒကို အောက်ပါအတိုင်းထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်ကတော့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ဦးစောစံရွှေဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း"**ကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြီးခဲ့တဲ့ စက်တင်ဘာလ ၁ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုစသည့် ပြဿနာများကြောင့် ဒေသတွင်း မတည်ငြိမ်မှုကို ဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် တစ်ဖက်သတ် စွပ်စွဲတောင်းဆိုခဲ့ကြောင်း ကျွန်တော်တို့အားလုံးအသိပဲ ဖြစ်ပါတယ်။

အဲဒီလို တောင်းဆိုခဲ့မှုကြောင့် စက်တင်ဘာလ ၁၅ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ထောက်ခံမဲ ၁၀မဲ ကန့်ကွက်မဲလေးမဲ၊ ကြားနေမဲတစ်မဲနဲ့ အတည်ပြုခဲ့ရပြီး မြန်မာနိုင်ငံ အခြေအနေ (Situation in Myanmar) ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီရဲ့ ဆွေးနွေးမယ့်အစီအစဉ်မှာ ထည့်သွင်းဖို့ ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။

အဲဒီလုပ်ရပ်ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ဖို့ အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေခဲ့တဲ့ အမေရိကန်က ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ တစ်ဖက်လှည့်နဲ့ မဟုတ်မှန် လုပ်ကြံဖန်တီးလိုက်တဲ့ လုပ်ရပ်နဲ့လုပ်ဇာတ်ပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အရင်းစစ် အမြစ်မြေက ဆိုသလိုပဲ ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အစိုးရက ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့မှာ နိုင်ငံတော်တာဝန်ကို ယူလိုက်ရချိန်မှစပြီး အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံကို အမေရိကန်ဇာတ်သွင်းနိုင်ဖို့နဲ့ ၎င်းတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရတင်နိုင်ဖို့အတွက် တစ်ဖက်စောင်းနင်း ဖိအားပေးမှုတွေကို ဆက်တိုက်ပြုလုပ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ဖို့၊ မြန်မာ့ထွက်ကုန်တွေကို အမေရိကန်သို့ မတင်သွင်းဖို့ တားမြစ်ပိတ်ဆို့ခဲ့ပါတယ်။ မြန်မာနိုင်ငံအား ငွေကြေးထောက်ပံ့ကူညီမှု မပြုလုပ်ဖို့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတွေကို ပိတ်ပင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်က အဆင့်နှိမ့်ချ ဆက်ဆံခဲ့ပါတယ်။ ဒါတွေဟာ အင်အားကြီးနိုင်ငံတစ်ခုက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအပေါ်မှာ နိုင့်ထက်စီးနင်း ဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်တွေပဲဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အဲဒီလိုအမေရိကန်ရဲ့ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်တွေကို ပြည်သူတစ်ရပ်လုံးက ခေါင်းငုံ့မခံပေမယ့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူလိုတဲ့ အမျိုးသားသစ္စာဖောက်ပြည်ပြေးတွေနဲ့ အမေကျော်ဒွေးတော်လွမ်းနေသူတစ်စုကတော့ သခင်အားရကျွန်ပါး၀ဆိုသလို အမေရိကန်နဲ့ အလိုတူအလိုပါလိုက်ပြီး လုပ်ဆောင်ခဲ့ကြပါတယ်။ အမေရိကန်နဲ့ အပေါင်းအပါတွေကလည်း အဲဒီ ပြည်ပြေးတွေကို လက်သပ်မွေးပြီး မြှောက်ပင့်ပေးနေကြပါတယ်။ မြန်မာနိုင်ငံမှာ စင်ပြိုင်အစိုးရထောင်ဖို့ ပရမ်းပတာလုပ်ပြီး ဥပဒေကိုရင်မဆိုင်ရဲဘဲ ပြည်ပကို တိမ်းရှောင်သွားတဲ့ ပြည်ပြေးစိန်ဝင်းနဲ့ အပေါင်းအပါတွေကလည်း အမေရိကန်ကို ဆရာတင်ခဲ့ပါတယ်။

အမေရိကန်ရောက် ပြည်ပြေးစိန်ဝင်း ဦးစီးတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရလို့ ခေါ်တဲ့ NCGUB နဲ့ ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်တို့အဖွဲ့ဟာ အမေရိကန်ရဲ့ အလိုကျ မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့အတွက် ၂၀၀၃ခုနှစ် အောက်တိုဘာလကတည်းက The Crisis in Burma: An. Agenda for the United Nation Security Council ခေါင်းစဉ်နဲ့ လုပ်ကြံစာတမ်းတစ်စောင်ကို ဖြန့်ချိလုပ်ဆောင်ခဲ့တာကို ကျွန်တော်တို့ မမေ့သေးပါဘူး၊ အဲဒီစာတမ်းကို အမေရိကန်အခြေစိုက် Burma Fund အကူအညီနဲ့ ဖြန့်ချိခဲ့တာဖြစ်သလို လူ့အခွင့်အရေးကိစ္စ၊ မူးယစ်ဆေးဝါးပြဿနာ၊ လက်နက်ကိုင်ပဋိပက္ခနဲ့ အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားမှုတွေရှိတယ်လို့ နှီးဆွပြီး မြန်မာနိုင်ငံရေးကိစ္စကို လုံခြုံရေးကောင်စီက အရေးယူဖို့ လိုအပ်နေပြီဆိုတဲ့ လမ်းကြောင်းကို ဖောင်းပေးခဲ့တာ တွေ့ရပါတယ်။

ဒါပေမယ့် အဲဒီစာတမ်းဟာ ပြည်ပြေးတစ်စုရဲ့ လက်ရာသာဖြစ်ပြီး အဲဒီပြည်ပြေးတွေဟာ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ကျူးလွန်နေကြောင်း အထောက်အထားတွေ ရှိနေခဲ့တာကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှု မရှိသလောက်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ အမေရိကန်နဲ့ ပြည်ပြေးဖွဲ့တွေဟာ လုပ်နည်းလုပ်ဟန်တစ်မျိုးပြောင်းလိုက်ပါတယ်။ အနောက်နိုင်ငံအချို့မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ NGO အဖွဲ့အမျိုးမျိုးကို အမည်အမျိုးမျိုးနဲ့ ဖွဲ့စည်းလှုံ့ဆော်စေခဲ့ပါတယ်။ ၂၀၀၃ခုနှစ်က မအောင်မြင်ခဲ့တဲ့ ၎င်းတို့ရဲ့ လုပ်ဇာတ်ကို ပြန်လည်ပွဲထုတ်နိုင်ဖို့အတွက် အမေရိကန်လွှတ်တော်အမတ်အချို့နဲ့ ပြည်ပြေးတွေပူးပေါင်းပြီး နိုဘယ်ဆုရှင် ချက်သမ္မတဟောင်း ဟာဗဲလ်နဲ့ တောင်အာဖရိကမှ ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့ကို ရှေ့တန်းတင်ခဲ့ ပြန်ပါတယ်။

အဲဒီနိုဘယ်ဆုရှင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်စုဟာ မြန်မာနိုင်ငံအရှေ့ဘက် နယ်စပ်ဒေသကို လာရောက်ပြီး ဟန်ရေးပြခဲ့ကြပါတယ်။ အမေရိကန်အစိုးရကလည်း နှစ်စဉ်အစီရင်ခံစာ တွေထုတ်ပြန်ပြီး မြန်မာနိုင်ငံမှာ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ လူ့အခွင့်အရေး၊ ဘာသာရေးလွတ်လပ်ခွင့်ပြဿနာတွေရှိနေကြောင်း၊ တစ်ဖက်သတ်စွပ်စွဲပုံဖော်ခဲ့ပါတယ်။ ပြည်ပြေးတွေ၊ လက်ကျန်သောင်းကျန်းသူတွေ၊

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ ကိုယ်စား ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစောစံရွှေက မိမိတို့အစုအဖွဲ့၏ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။
(သတင်းစဉ်)

ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်တွေကလည်း လက်ဝါးချင်းရိုက်ပြီး Forced Labour ၊ Lisenced to Rape၊ Ethnic Cleansing ၊ Refugees စတဲ့ နိုင်ငံတကာမှာ စိတ်ဝင်စားမယ့် ခေါင်းစဉ်တွေတပ်ပြီး မဟုတ်မမှန် လုပ်ကြံသတင်းတွေနဲ့ ပေးပို့ပုံဖျက်ခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

အဲဒီလို မဟုတ်မမှန် လုပ်ကြံပုံဖော်ပုံဖျက်မှုတွေနဲ့ မရှေးမနှောင်းမှာဘဲ ဟာဗဲလ်နဲ့ တူးတူးတို့က မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းဖို့ တောင်းဆိုထားတဲ့ Threat to the Peace and Security; A Call for the UN Security Council to Act in Burma ဆိုတဲ့ စာတမ်းကို အချိန်ကိုက် ပြုစုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစာတမ်းဟာ ပြည်ပြေးစိန်ဝင်းအုပ်စုယခင်ထုတ်ပြန်ခဲ့တဲ့ စာတမ်းပါအချက်အလက်တွေနဲ့ အခြားဆန့်ကျင်ဘက်အဖွဲ့တွေရဲ့ သတင်းအချက်အလက်တွေကိုသာအခြေခံပြီး ဖန်တီးထားတာဖြစ်လို့ တိကျခိုင်လုံမှုမရှိကြောင်း မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို ထင်ဟပ်မှုမရှိတဲ့အပြင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှု အခြေအနေမှန်များကိုလည်း လျစ်လျူရှုထားကြောင်း မြန်မာအရေးကျွမ်းကျင်တဲ့ နိုင်ငံခြားသား ပညာရှင်အများအပြား ကိုယ်တိုင်က ဝေဖန်ထောက်ပြခဲ့ကြပါတယ်။

ဒါပေမယ့် အမေရိကန်ရဲ့ လက်ပါးစေအဖွဲ့တွေ၊ လက်ဝေခံမီဒီယာတွေက လုပ်ကြံအစီရင်ခံစာတွေ၊ မဟုတ်မမှန်သတင်းတွေနဲ့ ဝိုင်းဝန်းလှုံ့ဆော်ပြီး မြန်မာနိုင်ငံကို အခြေအနေအရပ်ရပ် ယိုယွင်းပျက်စီးနေသော နိုင်ငံ (Failed State)အဖြစ် နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် အရှိန်မြှင့်ပြီး ဖိအားပေးထိုးနှက် ပုံဖော်ခဲ့ပါတယ်။ အဲဒီ အစီရင်ခံစာကိုပဲ ဆုပ်ကိုင်ပြီး အမေရိကန်အစိုးရက မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းနိုင်ရေးအတွက် ၂၀၀၅ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန် ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျွန်က အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ရှင်းလင်းပြောကြားပြီး ပုံကြီးထပ်ချဲ့ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အမေရိကန်ဟာ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့ကို ဖိအားပေး စည်းရုံးခြင်းအပြင် ထောက်ပံ့ပေးကမ်းသိမ်းသွင်းမှုတွေပါ ပြုလုပ်ပြီးလုံခြုံရေးကောင်စီမှာ မဲခွဲဆုံးဖြတ်ဖို့အထိ တစ်ဆင့်တက်ပြီး လုပ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မူလက လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတော်တော်များများအနေနဲ့ ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါအတိုင်း လိုက်နာဆောင်ရွက်ရန်လိုလားကြပြီး မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေခြင်းမရှိကြောင်း ခံယူထားခဲ့ကြပါတယ်။ ဒါပေမယ့် အမေရိကန်ရဲ့ ဖိအားပေးမှုကြောင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့မှာ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂမ်ဘာရီမှ အလွတ်သဘော ရှင်းပြရန် အများသဘောတူ ညှိနှိုင်းခဲ့ကြပါတယ်။ မစ္စတာဂမ်ဘာရီက မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အပြုသဘောဆောင်သော အစီရင်ခံစာ တင်သွင်း ရှင်းလင်းခဲ့တာကြောင့် အမေရိကန်အစိုးရရဲ့ အာသာဆန္ဒ မပြည့်ဝခဲ့ပြန်ပါဘူး။

ဒါကြောင့်မို့ အမေရိကန် အောက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကြားနာမှုတစ်ခုကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၇ရက်နေ့မှာ ထပ်မံပြုလုပ်ပြီး သွေးထိုးလှုံ့ဆော်ခဲ့ပြန်ပါတယ်။ အဲဒီမှာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ခရစ္စတိုဖာဟေးလ်က မြန်မာနိုင်ငံအခြေအနေကို လုံခြုံရေးကောင်စီက ဆက်လက်အလေးပေး ဆွေးနွေးသွားရမည်ဟု အမေရိကန်က ယုံကြည်ကြောင်း၊ လုံခြုံရေးကောင်စီအနေဖြင့် ဆောင်ရွက်နိုင်ရန် နောက်ထပ်အဆင့်များကို မိမိတို့ရှာဖွေ ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာ အရေးအခင်းဖြစ်အောင် ပြောင်းလဲဖန်တီးနိုင်ဖို့ ၎င်းတို့ရဲ့ ကြိုးပမ်းမှုကို လက်မလျှော့ကြောင်း ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂမ်ဘာရီနဲ့အဖွဲ့ဟာ မြန်မာနိုင်ငံသို့ မေလ ၁၈ရက်နေ့မှာ လာရောက်ခဲ့ပါတယ်။ ခရီးစဉ်အတွင်းမှာ ၎င်းဆန္ဒရှိတဲ့အတိုင်း အစီအစဉ်များအားလုံး အဆင်ပြေချောမွေ့အောင် မြန်မာနိုင်ငံက စီစဉ်ပေးခဲ့လို့ မစ္စတာဂမ်ဘာရီက အောင်မြင်တဲ့ ခရီးစဉ်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဒါဟာ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်တစ်ရပ်ကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

မေလ ၃၀ရက်နေ့မှာ မစ္စတာဂမ်ဘာရီဟာ ၎င်းရဲ့မြန်မာနိုင်ငံခရီးစဉ် အောင်မြင်မှုနဲ့စပ်လျဉ်းပြီး လုံခြုံရေးကောင်စီမှာ အလွတ်သဘော ထပ်မံရှင်းပြခဲ့ပါတယ်။ အဲဒီလို ရှင်းပြရာမှာ အပြုသဘောဆောင်သော အချက်များ ထုတ်ဖော်ပြောကြားခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့အရေးကို အဆင်ပြေ ချောမွေ့စေလိုတဲ့ သဘောထားအမေရိကန်မှာ မရှိပါဘူး၊ တစ်ဖက်သတ်ဖိအားပေးပြီး ဝင်ရောက်စွက်ဖက်ဖို့ လိုလားတဲ့ အမေရိကန်ဟာ အခုလို လုံခြုံရေးကောင်စီအစီအစဉ်မှာ ထည့်သွင်းဖို့ မဲခွဲဆုံးဖြတ် အတည်ပြုသည့်အထိ ဖိအားပေး၊ တွန်းအားပေးမှုတွေကို ပြောင်ပြောင်တင်းတင်း ဆက်လုပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ အကြောင်းခြင်းရာတွေကို ဆက်စပ်ကြည့်မယ်ဆိုရင် **မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်အစိုးရရဲ့ သဘောထားဟာ မှုမမှန်ကြောင်း သိရှိနိုင်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမေရိကန်ဟာ ကြီးနိုင် ငယ်ညှဉ်း လုပ်လွန်းနေပြီဖြစ်ပါတယ်။ အိမ်နီးချင်း နိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေ၊ ဘက်မလိုက်နိုင်ငံတွေအားလုံးကလည်း အမေရိကန်နဲ့ ဆန့်ကျင်ပြီး မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာရပ်တည်ထောက်ခံကာ မြန်မာနိုင်ငံအရေးကိစ္စဟာ ဒေသတွင်းနဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေမှုမရှိကြောင်း ပြောကြားခဲ့ကြပါတယ်။** အဲဒီလို ကမ္ဘာ့နိုင်ငံအများအပြားက ပကတိအရှိတရားအတိုင်း ယထာဘူတကျကျရှုမြင်ပြီး သမာသမတ်ရှိရှိ ထောက်ခံရပ်တည်နေတဲ့ကြားက အမေရိကန်က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် အကြောင်းပြစွပ်စွဲမှုတွေနဲ့ အခုလို မတော်မတရား ဖိအားပေးဖို့ ကြိုးပမ်းခဲ့တာ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

အမေရိကန်ရဲ့လုပ်ရပ်ဟာ ၎င်းတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရတင်ပြီး မြန်မာနိုင်ငံကို ခေတ်သစ်ကိုလိုနီနယ်ချဲ့ ကျွန်ဘဝရောက်အောင် ကျူးသွင်းလုပ်ဆောင်နေမှုဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများသည် မည်သည့်တိုင်းတစ်ပါး နယ်ချဲ့လက်အောက်တွင်မှ မနေလိုပါ။ မနေလိုကြောင်းကို ဖက်ဆစ်ဆန့်ကျင်ရေး၊ နယ်ချဲ့တော်လှန်ရေးတို့တွင် အခြားသော တိုင်းရင်းသားများနဲ့အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း သမိုင်းက အထင်အရှား သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုလို ကြီးနိုင်ငယ်ညှဉ်းလုပ်ရပ်၊ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်တွေကို သမိုင်းစဉ်တစ်လျှောက်လုံး ခေါင်းငုံ့မခံတဲ့ မြန်မာပြည်သူတွေ အားလုံးရဲ့ ကိုယ်စား **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်း"**အဆိုအား တင်သွင်းအပ်ပါတယ် ခင်ဗျား။ ။

အမေရိကန်၏လုပ်ရပ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းချိုးဖောက်ရာရောက်ကြောင်း ဘက်မလိုက်လှုပ်ရှားမှုနိုင်ငံများ အကြိမ်ကြိမ်ဝေဖန်ထောက်ပြကန့်ကွက်

ရန်ကုန် အောက်တိုဘာ ၁၀

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးသိမ်းကြည်က မိမိတို့အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်ကတော့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ် ဦးသိမ်းကြည်ဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်ဦးစောစံရွှေ တင်သွင်းသွားတဲ့ "မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံကြောင်း တင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ဖို့ သမိုင်းနဲ့ ချီပြီး ကြိုးပမ်းလာခဲ့တဲ့ အမေရိကန်နိုင်ငံဟာ ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၅ရက်နေ့မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ပိုမိုစွက်ဖက်ဖိအားပေးနိုင်ဖို့ တစ်ဖက်သတ်လုပ်ဆောင်လိုက်တာ အားလုံးအသိပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းကို ကြည့်ရင် အမေရိကန်အစိုးရအဆက်ဆက်ပေးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နှက်နေတယ်ဆိုတာတွေ့ရှိနိုင်ပါတယ်။ ၁၉၅၀ပြည့်နှစ် ပတ်ဝန်းကျင်တစ်ဝိုက်မှာ တရုတ်နိုင်ငံကို ထိန်းချုပ်ရေးဆိုတဲ့ အမေရိကန်နိုင်ငံရဲ့ မူဝါဒနဲ့လုပ်ဆောင်မှုကြောင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်းကိုပြည်ပတပ်ဖွဲ့တွေ ကျူးကျော်ဝင်ရောက်လာခဲ့ကြပါတယ်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသိမ်းကြည်က မိမိတို့အစုအဖွဲ့၏ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။
(သတင်းစဉ်)

လွတ်လပ်ရေး ပြန်လည်ရခါစ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းလုပ်ဆောင်ရမယ့်အချိန်မှာ မြန်မာနိုင်ငံဟာ ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကို တွန်းလှန်ဖယ်ရှားခဲ့ရသလို ကျူးကျော်သူ ပြည်ပတပ်တွေကိုလည်း အသက်၊ သွေးချွေးများစွာရင်းနှီးပြီးတွန်းလှန်တိုက်ထုတ်ခဲ့ရပါတယ်။ ပြည်ပ ကျူးကျော်မှုနှင့်အတူ ၎င်းတို့ယူဆောင်သွတ်သွင်းလာတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းဟာ ရှမ်းပြည်နယ်နဲ့ အချို့သောဒေသတွေမှာ ပျံ့နှံ့ကျန်ရစ်ခဲ့လို့ ကျွန်တော်တို့ယနေ့တိုင် အမြစ်ဖြတ် ချေမှုန်းနှိမ်နင်းနေရတာပဲဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အဲဒီလိုပြည်ပကျူးကျော်မှုနဲ့အတူ ရှမ်းပြည်နယ်အတွင်းမှာ လူမျိုးရေးအခြေခံသောင်းကျန်းသူတွေ ခေါင်းထောင်ထလာအောင်၊ ခွဲထွက်ရေးစိတ်ထားတွေ ပေါ်ပေါက်လာအောင်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်တွင်း၊ ပြည်ပ သတင်းထောက်များက တွေ့ဆုံမေးမြန်းကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပပုံများ ပြည်တွင်းပြည်ပသတင်းစာဆရာများတက်ရောက်သတင်းရယူ

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ယနေ့ပြန်လည်စတင်ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်သတင်းရယူရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသည့် ပြည်ပသတင်းဌာနများဖြစ်ကြသော Nihon Kezai Shimbun၊ AFP၊ Tokyo Broadcasting System (TBS)၊ AP၊ NHK၊ Fuji Television၊ Reuters၊ Tokyo Shimbun၊ Asahi Shimbun၊ TV Asahi၊ Sankei Shimbun၊ Ji Ji Press၊ Yomiuri Shimbun၊ Financial Times၊ Kyodo News၊ European Pressphoto Agency (EPA)၊ Mainchi Shimbun၊ Nishi Nippon၊ BBC၊ DPA(German Press Agency)၊ Australia Brodcasting Corporation (ABC)၊ Cable News International INC (CNN) နှင့် Nippon Television တို့မှ ဒေသဆိုင်ရာတာဝန်ခံများနှင့် သတင်းထောက်များ၊ ကျိုဒိုသတင်းဌာန၊ ဂါဒီယန်ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်နှင့် သတင်းတာဝန်ခံများ စုစုပေါင်း မီဒီယာအဖွဲ့ဝင် ၁၀၀တို့သည် ယနေ့နံနက်ဂနာရီတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမသို့ရောက်ရှိပြီး အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ တက်ရောက်မှု၊ စုံညီအစည်းအဝေး အခမ်းအနားပြင်ဆင်ထားရှိမှုနှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပပုံများကို သတင်းရယူကြသည်။

ယင်းနောက် အမျိုးသားညီလာခံအစည်းအဝေးကို မိနစ် ၄၀ခန့် ခေတ္တနားထားချိန်တွင် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် ပြည်ထောင်စုခန်းမဉပစာ၌ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအားလည်းကောင်း အသီးသီးတွေ့ဆုံ၍ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးကြပြီး အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ၎င်းတို့သိလိုသည်များကို မေးမြန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ပြည်တွင်းပြည်ပသတင်းစာဆရာများသည် အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်းရှိ ညီလာခံကိုယ်စားလှယ်များ၏ အဆောင်များ၊ အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များ၊ စာအုပ်ဆိုင်များ၊ ဆေးရုံနှင့် အားကစားလေ့ကျင့်ရုံများ စသည်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကြီးပျက်ပြားအောင်ပြည်တွင်းပြည်ပအဖျက်သမားများကြံစည် ပကတိအခြေအနေမှန်ကိုဖုံးကွယ်ပြီးမဟုတ်မမှန်လုပ်ကြံစွပ်စွဲ အမေရိကန်သည်မြန်မာနိုင်ငံ၏ပြည်တွင်းရေးစွက်ဖက်နိုင်ရန်အစဉ်ကြိုးပမ်းခဲ့

ရန်ကုန် အောက်တိုဘာ ၁၀

ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအထူးအစည်းအဝေးတွင် သဘာပတိ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၏ အဖွင့်အမှာစကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကြီးကို ဦးတည်ချက်(၆)ရပ်နဲ့အညီ ကျင်းပလျက်ရှိပါတယ်။ အဲဒီဦးတည်ချက်(၆)ရပ်အနက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးဟာ ရှေ့ဆုံးကပါဝင်လျက်ရှိတာ တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ဖို့အတွက် လိုအပ်တဲ့ အခြေခံကောင်းများဖြစ်တဲ့ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်မှုရရှိရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ အသိပညာ၊ ဗဟုသုတပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယနေ့အချိန်တွင် တိုးတက်မှုအများအပြား

အမျိုးသားညီလာခံစုံညီ အထူးအစည်းအဝေးတွင် သဘာပတိ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထင်ကြီးအားကိုးနေတဲ့ ပြည်တွင်းပြည်ပ အချို့သော နိုင်ငံရေးအဖွဲ့အစည်းများဟာ တပ်မတော်အစိုးရရဲ့ နိုင်ငံထူထောင်ရေး လုပ်ငန်းတွေကို အသိအမှတ်ပြုပြီး အားနည်းချက်တွေကို စုပေါင်းဖြေရှင်းသွားမယ်ဆိုတဲ့ လမ်းကြောင်းပေါ် ရဲရဲဝံ့ဝံ့ တက်လာရဲကြမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဘယ်လိုပဲဖြစ်ဖြစ် သူ့ကျွန်အဖြစ် နှံ့နစ်မခံခဲ့တဲ့ သမိုင်းအစဉ်အလာကြီးမားသော မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကတော့ အမေရိကန်ရဲ့ ကျွန်ဝယ်ရာမှာ အဆစ်အပါမခံနိုင်ကြပါဘူး။ နှစ်ပေါင်းထောင်ချီပြီး ကာကွယ်စောင့်ရှောက် တည်ဆောက်လာခဲ့ရတဲ့မြန်မာနိုင်ငံကို ကျွန်တော်တို့အားလုံး အသက်သွေးချွေးပေးဆပ်ပြီး ဆက်လက်စောင့်ရှောက် ကာကွယ်တည်ဆောက်သွားကြမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ **“မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း”** အဆိုအား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စား အလေးအနက် ထောက်ခံကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။

ရရှိနေပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့အခြေခံကောင်းများကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအခြေခံကောင်းတွေ ရရှိပြီးတဲ့နောက် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပါတယ်။

အဲဒီမူဝါဒလမ်းစဉ်(၇)ရပ်ကတော့–

၁။ ၁၉၉၆ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

၂။ အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

၃။ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊

၄။ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊

၇။ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း

တို့ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပလျက်ရှိနေပြီဖြစ်ပါတယ်။ ဒီလိုမွန်မြတ်တဲ့ ဦးတည်ချက်တွေနဲ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံ ပျက်ပြားအောင် ကြိုးပမ်းလုပ်ဆောင်မှုများ ပေါ်ပေါက်လာတာတွေ့နေရပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ နိုင်ငံတော်ဟာ မည်သည့်ခေတ်ကာလမှ မရဖူးသေးတဲ့ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများရရှိနေတာကို ပြည်သူအများ ကြားသိမြင်တွေ့နေကြပြီဖြစ်ပါတယ်။ အဲဒီလိုရရှိနေတဲ့ အခြေအနေကောင်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို မနာလိုမရှုဆိတ်တဲ့ ပြည်တွင်းပြည်ပက အဖျက်သမားတွေဟာ နည်းအမျိုးမျိုးနဲ့ အမျိုးသားညီလာခံကြီးကို ပျက်ပြားအောင် ကြံစည်လုပ်ဆောင်ကြိုးစားလျက် ရှိနေကြပါတယ်။ ပကတိအခြေအနေမှန်များကို ဖုံးကွယ်ပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲကာ နိုင်ငံနဲ့လူမျိုး သိက္ခာကျအောင် လုပ်ဆောင်လျက်ရှိနေတာ တွေ့နေရပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်မှာ ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ ကြိုးစားလာတဲ့အပြင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အမေရိကန်နဲ့ လက်ပါးစေတွေက အားပေးအားမြှောက် ပြုလုပ်ခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ်မှာ ရှမ်းစော်ဘွားအချို့ရဲ့ ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အန္တရာယ်ဆိုက်ရောက်လာခဲ့လို့ ကာကွယ်နိုင်ဖို့အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီး ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည်ကို ထူထောင်ခဲ့ရပါတယ်။ အဲဒီအချိန်မှာလည်း မြန်မာနိုင်ငံကို ကွန်မြူနစ်အုပ်စုထဲ ပါမသွားအောင် စည်းရုံးနိုင်ဖို့နဲ့ မြန်မာနိုင်ငံမှာ စစ်စခန်းများချထားဖို့အတွက် အမေရိကန်နိုင်ငံက ဆက်လက်ကြိုးစားခဲ့သလို တစ်ဖက်ကလည်း လူမျိုးရေးအခြေခံ လက်ယာဝါဒီ အကြမ်းဖက်သောင်းကျန်းသူတွေကို အကူအညီပေးပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ခဲ့ပါတယ်။

၎င်းတို့ရဲ့ တပည့်မွေးမယ့်အကြံကို တပ်မတော်ကလက်မခံလို့ အမေရိကန်က ဦးနုခေါင်းဆောင်တဲ့ ပြည်ပြေးအုပ်စုကို ပြည်ပြေးမွေးမြူရေးစီမံကိန်းနဲ့ မွေးမြူမြှောင့်ပင့်ပြီး စစ်ရေး၊ စီးပွားရေး အကူအညီတွေပေးခဲ့ပြန်ပါတယ်။ တစ်ဆက်တည်းမှာလည်း နယ်စပ်ဒေသတွေမှာ လူမျိုးရေးအခြေခံ သောင်းကျန်းသူတွေကိုပါ မွေးမြူထောက်ပံ့ပြီး မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှု မရှိအောင် ထိန်းချုပ်နှောင်ဖွဲ့ထားသလို လုပ်ခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး စစ်အေးတိုက်ပွဲ ပြီးဆုံးသွားပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ အမျိုးသားအကျိုးစီးပွား National Interest ကတော့ရှိနေဆဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ စစ်အေးခေတ်လွန်ကမ္ဘာကြီးကို အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျိုးစီးပွားများကို လွယ်လွယ်ကူကူ အကောင်အထည်ဖော်နိုင်တဲ့ ကမ္ဘာကြီးဖြစ်လာအောင် လုပ်နိုင်မယ့်နည်းလမ်းအနေနဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ အခွင့်အရေးကို ဗန်းပြအသုံးချလာခဲ့တာဖြစ်ပါတယ်။ ဒေသဆိုင်ရာအဆင့်တွေမှာ အမေရိကန်ကို စစ်ဆေး၊ စီးပွားရေး၊ သံတမန်ရေးအရ ပခုံးချင်းယှဉ် စိန်ခေါ်နိုင်မယ့် နိုင်ငံမျိုး ပေါ်ပေါက်မလာရေးကို ဦးစားပေးလုပ်ငန်း အဖြစ် သတ်မှတ်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၀၆ ခုနှစ် မတ်လမှာ ထုတ်ပြန်ခဲ့တဲ့ အမျိုးသားလုံခြုံရေး မဟာဗျူဟာစာတမ်းရဲ့ အမှာစာမှာ သမ္မတဘုရှ်က အမေရိကန်တို့အနေဖြင့် ကမ္ဘာကြီးကို မိမိတို့အလိုကျ ပုံဖော်ရမယ်လို့ အတိအလင်း ပြောထားခဲ့တာကိုကြည့်ရင် အမေရိကန်ရဲ့ ရည်ရွယ်ချက်ကို ထင်ထင်ရှားရှား တွေ့ရှိနိုင်ပါတယ်။

အမေရိကန်ဦးဆောင်တဲ့ နေတိုးတပ်တွေအင်အားသုံးပြီး ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတွေရဲ့ အခြေအနေကို ကြည့်မည်ဆိုလျှင်–

၁။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ရှိအောင် မဖော်ဆောင်နိုင်ခဲ့ကြသဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးသည့် နိုင်ငံတွေဖြစ်မလာသေးခြင်း၊

၂။ အာဖဂန်နစ္စတန်ပြည်သူတွေရဲ့ လူမှုစီးပွားရေးမြင့်မားလာအောင် ထိရောက်စွာ မစွမ်းဆောင်နိုင်သေးတဲ့အတွက် ကမ္ဘာမှာ ဘိန်းစိုက်ပျိုးမှု အများဆုံးနိုင်ငံဖြစ်လာရခြင်း၊

၃။ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးတွေမရသေးခြင်း၊

၄။ လူမျိုးနွယ်စုအချင်းချင်း ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို မဖြေရှင်းပေးနိုင်ခြင်း၊

၅။ ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွေ လုပ်ပေးလိုက်ရုံနဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု၏ အခြေအနေကို ဆိုက်ရောက်သွားခြင်းမရှိတာကို တွေ့ရပါတယ်။

အဲဒီလိုအခြေအနေမှာ အာရှတိုက်ရဲ့ ဒေသတွင်းအင်အားကြီးနိုင်ငံများအဖြစ် ပေါ်ထွန်းလာနေတဲ့ နိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း များစွာထိစပ်နေတဲ့ မြန်မာနိုင်ငံကို အမေရိကန်နိုင်ငံရဲ့ အာရှတိုက် မဟာဗျူဟာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍက ကြိုးဆွဲရာကတဲ့ နိုင်ငံဖြစ်လာအောင် လုပ်ဆောင်ဖို့ အမေရိကန်အစိုးရတွေက မျက်စိကျလာခဲ့ကြပြန်ပါတယ်။ ဒါကြောင့်မို့ ၁၉၈၈ခုနှစ် အရေးအခင်းနဲ့ ဆက်စပ်ပြီး အမေရိကန်နိုင်ငံဟာ မြန်မာ့ပြည်တွင်းရေးမှာ မဆီမဆိုင် ပါဝင်ပတ်သက်စွက်ဖက်ကာ ပွဲလှန့်တုန်းဖျာခင်းနိုင်ဖို့ ကြိုးပမ်းအားထုတ်လာခဲ့တာပဲဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၁၈ဖွဲ့တို့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်အစိုးရနှင့် လက်တွဲလုပ်ကိုင်နေခြင်း၊ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ၁၅နှစ်စီမံကိန်း ချမှတ်ပြီး တိုက်ဖျက်လျက်ရှိရာ ၂၀၀၄ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၈၀ရာခိုင်နှုန်း ကျဆင်းသွားခြင်းနှင့်အတူ ဘိန်းထုတ်လုပ်မှု ၈၈ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားရှိတာကို တွေ့ရပါတယ်။

ခုခံအားကျဆင်းမှုရောဂါသည်လည်း မြန်မာနိုင်ငံမှစတင်ဖြစ်ပွားခြင်း မဟုတ်ဘဲ အနောက်နိုင်ငံများမှ ကူးစက်လာသော ရောဂါသာဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ နှိမ်နင်းရေးအတွက် ဥရောပသမဂ္ဂ၏ ကူညီဆောင်ရွက်မှုဖြင့် ထိုလုပ်ငန်းများ အောင်မြင်အောင် အစွမ်းကုန်ကူညီ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။

အမျိုးသားရေးအကျိုးစီးပွားအတွက် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်ခံကျင့်သုံးခဲ့တဲ့ တပ်မတော်အစိုးရဟာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံချစ်ကြည်ရေး အစွန့်ရှည်ဖို့ ဦးစားပေးလုပ်ဆောင်ခဲ့ပါတယ်။ ဒီအချက်ကို မြန်မာနိုင်ငံမှာ ဩဇာခံအစိုးရတင်မြှောက်ပြီး စစ်အခြေစိုက်စခန်းများထားရှိဖို့ နှစ်ပေါင်းများစွာ ကြိုးစားနေတဲ့ အမေရိကန်က နာလိုခံခက်အမျက်ထွက်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရကို ဖယ်ရှားပြီး ရုပ်သေးအစိုးရ တင်နိုင်ဖို့အတွက် ပြည်ပအားကိုးပုဆိန်ရိုးတွေကို လက်သပ်မွေးမြူပြီး မြန်မာနိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲပြီး ဖိအားပေးနေတာပဲဖြစ်ခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမေရိကန်ဟာ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံအဖြစ်နဲ့ ဒီလိုဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်မျိုးကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းအပေါ်မှာ ကျင့်သုံးနေတာမဟုတ်ပါဘူး။ ကမ္ဘာ့ဒေသအနှံ့အပြားမှာ ဩဇာခံနိုင်ငံတွေ ထူထောင်ပြီး ၎င်းရဲ့ဩဇာမခံတဲ့ နိုင်ငံတွေ ပြိုကွဲပျက်စီးအောင် နိုင်ထက်စီးနင်းလုပ်နေတာမို့ တစ်ကမ္ဘာလုံးမှာ အမေရိကန်ဟာ လူမုန်းအခံရဆုံး တိုင်းပြည်အဖြစ် ကျော်ဇောနေပါတယ်။

အမေရိကန်အစိုးရရဲ့ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ မူဝါဒကို တချို့နိုင်ငံတွေက မချစ်သော်လည်း အောင့်ကာနမ်းနေရပေမယ့် နိုင်ငံအများစုကတော့ လုံးဝဆန့်ကျင်ကန့်ကွက်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်တယ်ဆိုတဲ့ အမေရိကန်ရဲ့ တစ်ဖက်သတ် ဖိအားပေးစွပ်စွဲချက်ကို သမာသမတ်ကျတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက လုံးဝလက်မခံဘဲ ပယ်ချလျက်ရှိပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ်မှာ မြန်မာနိုင်ငံအရေးကို ထည့်သွင်းဆွေးနွေးဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ အမေရိကန်ရဲ့ လုပ်ရပ်ဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ရာရောက်နေကြောင်းကို မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းမိတ်ဆွေနိုင်ငံတွေ၊ သမာသမတ်ကျတဲ့နိုင်ငံတွေနဲ့ ဘက်မလိုက်လှုပ်ရှားမှု နိုင်ငံတွေက အကြိမ်ကြိမ် အထပ်ထပ် ဝေဖန်ထောက်ပြ ကန့်ကွက်နေကြတာကို တွေ့ရပါတယ်။

အခုဆိုရင် အမေရိကန်ရဲ့ တစ်နိုင်ငံတည်းအင်အားကြီးပြီး ကမ္ဘာကြီးကို စိုးမိုးချုပ်ကိုင်ထားနိုင်ရမယ်ဆိုတဲ့ မဟာဗျူဟာအောက်မှာ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းတွေလည်း ကျိုးပဲ့ပျက်စီးကုန်ပြီဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးကို ကိုလိုနီနယ်ချဲ့လက်သစ်စနစ်နဲ့ ကျွန်ပြုဖို့ကြိုးပမ်းနေတဲ့ အမေရိကန်ရဲ့ ကျွန်ဝယ်ရာမှာ အေးချမ်းတည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်နေရတဲ့ မြန်မာနိုင်ငံလည်း ပထဝီနိုင်ငံရေးအရ အဆစ်ပါသလို ဖြစ်နေရပါပြီ။

အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံအပေါ်မှာ ရိုးသားတဲ့စေတနာရှိမယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပေါ်စေမယ့် အပြုသဘောဆောင်တဲ့ ချဉ်းကပ်ဖြေရှင်းမှုမျိုးကို စံပြရှေ့ဆောင်ပြုလုပ်ရမှာဖြစ်ပါတယ်။ သို့မှသာ အမေရိကန်အစိုးရအပေါ်မှာ

နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိခိုက်နိုင်သည့် အမေရိကန်၏စွပ်စွဲချက် ခိုင်လုံတိကျ၊မှန်ကန်တဲ့အကြောင်းပြချက်များ မဟုတ်ကြောင်း ပေါ်လွင်နေ

ရန်ကုန် အောက်တိုဘာ ၁၀

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးလာလ်တင်မန်းက မိမိတို့အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ ခင်ဗျား--

ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ကိုယ်စားလှယ် ချင်းပြည်နယ်က ဦးလာလ်တင်မန်းဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနဲ့လုံခြုံရေးအား ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြစွပ်စွဲချက်များ လုံးဝမှန်ကန်မှု မရှိကြောင်း"** အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၅ရက်နေ့က အမေရိကန်ကိုယ်စားလှယ်ရဲ့ တစ်ဖက်သတ်စွပ်စွဲတောင်းဆိုမှုကြောင့် မြန်မာနိုင်ငံအခြေအနေ(Situation in Myanmar) ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီရဲ့ ဆွေးနွေးမယ့်အစီအစဉ်မှာ ထည့်သွင်းဖို့ မဲခွဲဆုံးဖြတ်ခဲ့ရပါတယ်။ ဒါဟာ အမေရိကန်အစိုးရက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ဖို့ ကုလသမဂ္ဂကို မီဒီယာစင်မြင့်အဖြစ် အသုံးချပြီးနိုင်ငံတကာကို ဝါဒဖြန့်ချိလိုက်တာပဲ ဖြစ်ပါတယ်။

တစ်နည်းဆိုရရင် ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လိုလားတောင့်တနေကြတဲ့ နိုင်ငံတကာ ပြည်သူတွေကို မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် လုပ်လိုက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားဆိုတဲ့ ကြေညာချက်တစ်ရပ်ကို အကျယ်တဝင့် ထုတ်ပြန်အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ ဘာဖြစ်လို့ အဲဒီလိုမှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ ထုတ်ပြန်ကြေညာနိုင်တာလဲလို့ မေးရင် ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေကို ကျွန်တော်တို့ပြည်တွင်းကသာ အသိဆုံးဖြစ်လို့ပဲလို့ ပြောကြားလိုပါတယ်။

အမေရိကန်ကိုယ်စားလှယ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတွေ ဆိုးရွားနေပြီး နိုင်ငံရေးအကျဉ်းသား ၁၀၀၀ကျော်ကို ဆက်လက်ဖမ်းဆီးထားတယ်လို့ ဆိုပါတယ်။ ဒုက္ခသည်အများအပြား အိမ်နီးချင်း နိုင်ငံတွေကို ရောက်ရှိနေတယ်လို့ ပြောပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက် ချေမှုန်းရာမှာ အားနည်းနေတယ်လို့ အကြောင်းပြပါတယ်။ အေအိုင်ဒီအက်စ်နဲ့ အခြား ရောဂါဖြစ်ပွားမှုကို မထိန်းချုပ်နိုင်လို့ အိမ်နီးချင်းနိုင်ငံတွေကို ပျံ့နှံ့နေတယ်လို့ စွပ်စွဲထားပါတယ်။

အဲဒီ အကြောင်းပြ စွပ်စွဲချက်တွေဟာ မှန်လည်းမမှန်ဘူး၊ ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုလည်း မထိခိုက်ဘူးဆိုတာ ကျွန်တော်တို့အားလုံးနဲ့ အိမ်နီးချင်းနိုင်ငံတွေက အသိဆုံးပဲဖြစ်ပါတယ်။ အဲဒီ အကြောင်းပြချက်တွေ မမှန်ကန်ဘူးဆိုတာကို ဝေဖန်ဆန်းစစ်နိုင်ဖို့အတွက် အကြောင်းအရာတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

မြန်မာနိုင်ငံမှာ အခြားနိုင်ငံများနည်းတူ ပြစ်မှုကျူးလွန်တဲ့အတွက် ဥပဒေနဲ့အညီ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားတွေရှိပါတယ်။ ဒါပေမယ့် အဲဒီ အကျဉ်းသားတွေဟာ အမေရိကန်

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ကိုယ်စား ချင်းပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးလာလ်တင်မန်းက မိမိတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

နှင့် အပေါင်းအပါတွေ ခေါင်းစဉ်တပ်နေသလို နိုင်ငံရေးအကျဉ်းသားတွေ မဟုတ်ပါဘူး။ နိုင်ငံတော်တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများ ဆုတ်ယုတ်ပျက်ပြားအောင် လုပ်ဆောင်နေသူတွေ၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးနှောင့်ယှက် အကြမ်းဖက် တိုက်ခိုက်သူတွေဖြစ်လို့ တည်ဆဲဥပဒေနဲ့အညီ အရေးယူ အပြစ်ပေးခံနေရသူတွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဘယ်သူ့ကိုမျှ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထားတာ မရှိပါဘူး။ နိုင်ငံရေးပါတီဝင်အရေခြုံပြီး ရာဇဝတ်ပြစ်မှုကျူးလွန်သူတွေ၊ နိုင်ငံရေးစကား ပြောကြားပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လုပ်ဆောင် နေသူတွေကို နိုင်ငံရေးသမားလို့ ကင်ပွန်းတပ်လို့မရပါဘူး။ အဲဒီလူတွေအနေနဲ့ ပြစ်မှုကျူးလွန်လို့ ဥပဒေအရ အရေးယူ အပြစ်ပေးခံနေတယ်ဆိုရင်လည်း သူတို့ကို နိုင်ငံရေးအကျဉ်းသား ခေါင်းစဉ်အောက်မှာ ထည့်သွင်းလို့မရပါဘူး။

အဲ့ဒီအကျဉ်းသားတွေကို အပြစ်ပေးအရေးယူခြင်း၊ ပြန်လွှတ်ခြင်းကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဥပဒေနဲ့အညီ ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး အခြေအနေ ဆိုးရွားနေပြီး နိုင်ငံရေးအကျဉ်းသား ၁၀၀၀ ကျော်ကို ဆက်လက်ဖမ်းဆီးထားတယ်ဆိုတဲ့ အမေရိကန်ရဲ့ စွပ်စွဲချက်ဟာ ကြောင်းကျိုး ဆီလျော်မှု မရှိသလို သဘာဝမကျတဲ့ စွပ်စွဲချက်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

သဘာပတိကြီးခင်ဗျား--

အမေရိကန်က မြန်မာနိုင်ငံမှ သိန်းချီတဲ့ဒုက္ခသည်တွေဟာ အိမ်နီးနားချင်း နိုင်ငံတွေကို ထွက်ပြေးရောက်ရှိနေတယ်လို့ စွပ်စွဲထားပါတယ်။ နိုင်ငံတော်အစိုးရ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်လာနိုင်တာနဲ့ အမျှ နယ်စပ်ဒေသတွေမှာ တည်ငြိမ်မှု၊ လုံခြုံမှု၊ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ တစ်မူထူးခြားစွာ တိုးတက်မြင့်မား လာခဲ့ပါတယ်။ ဒါကြောင့်မို့ ဟိုးယခင်က အကြောင်းအမျိုးမျိုးကြောင့် တချို့သောနယ်စပ်ဒေသကနေ တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်နေတဲ့ ဒုက္ခသည် တွေဟာ မိမိတို့ ဇာတိဌာနေကို ပြန်လည်လာရောက် အခြေချနေထိုင်နေကြပြီဖြစ်ပါတယ်။

အစိုးရရဲ့ စေတနာနဲ့လုပ်ရပ်တွေကို နားလည်သိမြင်လာလို့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ် ၁၈ဖွဲ့တို့ကလည်း မိမိတို့ဒေသများဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေကြပါတယ်။ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားဝန်ကြီးဌာန တစ်ခုထူထောင်ပြီး စဉ်ဆက်မပြတ် ဖော်ဆောင်ပေးနေပါတယ်။ ဒါတွေဟာ ဒုက္ခသည်ဆိုသူများ ပြန်လည် အခြေတကျနေထိုင်နိုင်အောင် ဖန်တီးပေးနေတာပဲဖြစ်ပါတယ်။ ကုလသမဂ္ဂဒုက္ခသည်ရေးရာ မဟာမင်းကြီးရုံးနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတာကြောင့် ရခိုင်ပြည်နယ်ကနေ တိမ်းရှောင်သွားတဲ့ ဒုက္ခသည် ၉၀ရာခိုင်နှုန်းကျော်ကို ပြန်လည်နေရာချထားပေးနိုင်ပြီဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာထဲမှာ အတိအလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ယနေ့တစ်ဖက်နိုင်ငံရှိဒုက္ခသည်စခန်းအမည်ခံနေရာများတွင် နေထိုင်သူများဟာ သောင်းကျန်းသူများနဲ့ ၎င်းတို့၏ဆွေမျိုးသားချင်းများဖြစ်သည်ကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာပြည်ပြေးတွေက အိမ်နီးချင်းနိုင်ငံမှာ စီးပွားရေးအရ တရားမဝင်သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေသူတွေ၊ သောင်းကျန်းသူတွေနဲ့ ၎င်းတို့၏ဆွေမျိုးသားချင်းများကိုပါ ဒုက္ခသည်စာရင်းထဲ ထည့်သွင်းပြီး ကိန်းဂဏန်းဖောင်းပွအောင် ဆောင်ရွက်နေတာကို တွေ့ရှိနိုင်ပါတယ်။ ဒီလူတွေကို နိုင်ငံတကာဥပဒေအရ ဒုက္ခသည် (Refugee) လို့မသတ်မှတ်ပါဘူး။ အဲ့ဒီတရားမဝင်အလုပ်သမားများ ကိစ္စကို ဖြေရှင်းပေးနိုင်ဖို့အတွက် အလုပ်သမားဝန်ကြီးဌာနဟာ သက်ဆိုင်ရာနိုင်ငံနဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်း သဘောတူညီချက် ရယူပြီး စတင် အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

မြန်မာနိုင်ငံဟာ ရှေးမြန်မာမင်းများလက်ထက်ထဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ဆောင်ရွက်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ သယ်ဆောင်သွတ်သွင်းခဲ့သူဟာ ကိုလိုနီနယ်ချဲ့တွေဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ လက်ဝေခံ ပြည်ပတပ်တွေဟာ ရှမ်းပြည်နယ်အတွင်းကို ဝင်ရောက် ကျူးကျော်ပြီး ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူချက်လုပ်မှုတွေကိုအကြီးအကျယ်ဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ အထင်အရှားရှိထားပြီး ဖြစ်ပါတယ်။

အရင်ခေတ်အဆက်ဆက်က အစိုးရတွေဟာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိုဆောင်ရွက်ခဲ့ပေမယ့် နယ်စပ်ဒေသတွေမှာ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုတွေရှိနေတာကြောင့် စိတ်သွားတိုင်းကိုယ်မပါ ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အခုအချိန်မှာတော့ နယ်စပ်ဒေသတွေမှာ တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုတွေ ရလာတာနဲ့အမျှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရသာမက ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပါ ပူးပေါင်းဆောင်ရွက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း တားဆီးနှိမ်နင်းရေးသာမကဘဲ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ ဘိန်းစိုက်တောင်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားရေးတွေကိုပါ ဘက်စုံပေါင်းစပ်ဆောင်ရွက်ခဲ့လို့ ယခင်မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ ဒေသတွေဟာ ယခုဆိုရင် ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်တဲ့ ဒေသတွေအဖြစ် ရောက်ရှိလာနေပြီ ဖြစ်ပါတယ်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များဟာ သူတို့ကိုယ်တိုင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတွေမှာ ပါဝင်ပြီး ဘိန်းချက်စခန်းများကို ဖော်ထုတ်တိုက်ခိုက်ချေမှုန်းခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ဒီကိစ္စတွေကို ကုလသမဂ္ဂ (UNODC)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့ (Counter Narcotics and Crime)၊မြန်မာနိုင်ငံအတွင်းရှိ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းမှ တာဝန်ရှိသူများကိုယ်တိုင် အကြိမ်ကြိမ်ကွင်းဆင်းလေ့လာသိရှိပြီးဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

အမေရိကန်ရဲ့ မဟုတ်မမှန်စွပ်စွဲချက်တွေထဲက နောက်ဆုံးအချက်ကတော့ မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီနဲ့ ငှက်ဖျား ရောဂါဖြစ်ပွားမှု အလွန်များပြားနေပြီး အိမ်နီးချင်းနိုင်ငံတွေအထိ ပျံ့နှံ့နေတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

အဲဒီစွပ်စွဲချက်ထဲမှာ အသားပေးထားတဲ့ ခုခံအားကျဆင်းရောဂါဟာ အာဖရိကတိုက်မှာ စတင်ဖြစ်ပွားခဲ့ပြီး အနောက်နိုင်ငံများကို ကူးစက်ပျံ့နှံ့သွားခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အာရှတိုက်ကို လာရောက်တဲ့ အနောက်နိုင်ငံသားများဆီကနေ အာရှပြည်သူတွေဆီကို ကူးစက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတွေမှာ ကပ်ရောဂါအသွင် ပျံ့နှံ့နေချိန်ကျမှ အဲဒီနိုင်ငံတွေမှာ သွားရောက်အလုပ် လုပ်ကိုင်တဲ့ အလုပ်သမားတွေက တစ်ဆင့် မြန်မာနိုင်ငံကို ကူးစက်လာခဲ့တာဖြစ်ပါတယ်။ တကယ်တော့ ခုခံအားကျဆင်းမှုရောဂါဟာ အနောက်နိုင်ငံသားများရဲ့ လူနေမှုပုံစံကနေ ပြန့်ပွားလာတာဖြစ်လို့ ဒီရောဂါ ဖြစ်ပွားမှုအတွက် အပြစ်တင်မယ်ဆိုရင် အမေရိကန်နိုင်ငံနဲ့အပေါင်းပါ နိုင်ငံတွေကိုသာ အပြစ်တင်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်တဲ့စာရင်းဇယားတွေမှာလည်း မြန်မာနိုင်ငံရဲ့ ခုခံအားကျဆင်းမှုရောဂါ ဖြစ်ပွားနှုန်းဟာ အိမ်နီးချင်း နိုင်ငံများထက် လျော့နည်းနေကြောင်း ဖော်ပြထားလို့ မြန်မာနိုင်ငံကနေ ကူးစက်ပြန့်ပွားမယ့် အန္တရာယ်ရှိနေတယ် ဆိုတာဟာ ကြောင်းကျိုးဆီလျော်မှုမရှိတဲ့ စွပ်စွဲချက်သာ ဖြစ်ကြောင်း ထင်ရှားနေပါတယ်။

သဘာပတိကြီးခင်ဗျား--

နိုင်ငံတော်အစိုးရဟာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ အဆုတ်ရောဂါနဲ့ ငှက်ဖျားရောဂါဖြစ်ပွားမှုများကို ကာကွယ်တားဆီးနိုင်ဖို့အတွက် အမျိုးသားကျန်းမာရေး စီမံချက်ကို ရေးဆွဲပြီး ကာကွယ်ခြင်း၊ ကုသခြင်း၊ ပညာပေးခြင်းများကို လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်နေပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအင်န်ဂျီအိုများနဲ့ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကြောင့်လည်း အဆုတ်ရောဂါနဲ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွေမှာ သိသာထင်ရှားတဲ့ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

ကျွန်တော် တင်ပြဆွေးနွေးခဲ့တဲ့ အချက်အလက်၊ အထောက်အထားများကိုကြည့်ရင် **နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိုထိခိုက်လာနိုင်တယ်လို့ မြန်မာနိုင်ငံအပေါ် စွပ်စွဲနေတဲ့ အမေရိကန်ရဲ့ အကြောင်းပြချက်တွေဟာ ခိုင်လုံတိကျတဲ့၊ မှန်ကန်တဲ့ အကြောင်းပြချက်တွေမဟုတ်ကြောင်း ပေါ်လွင်နေပါတယ်။ မြန်မာနိုင်ငံရဲ့ တည်ဆဲအစိုးရကို ဖြုတ်ချဖယ်ရှားပြီး ၎င်းတို့ အလိုကျ ရုပ်သေးအစိုးရ တင်မြှောက်နိုင်ရေးအတွက် ကုလသမဂ္ဂကို အသုံးချဖို့ကြိုးစားတဲ့ အမေရိကန်ရဲ့ တစ်ဖက်သတ်စွပ်စွဲချက်၊ ဝါဒဖြန့်ချိမှုသက်သက်သာဖြစ်ကြောင်း ထင်ရှားနေပါတယ်။**

ဒါကြောင့်မို့ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြ စွပ်စွဲချက်များ လုံးဝ မှန်ကန်မှု မရှိကြောင်း"** အဆိုကို တင်သွင်းလိုက်ရပါတယ် ခင်ဗျား။ ။

အမေရိကန်အနေဖြင့် ကြမ်းပိုးကိုလိပ်၊ တစ်စိတ်ကိုတစ်အိတ်ဖြစ်အောင် ပုံကြီးချဲ့ မြန်မာနိုင်ငံ၏ကြိုးပမ်းလုပ်ဆောင်မှုများ ဥပေက္ခာပြု လိုရာဆွဲကောက်ချက်ချ

ရန်ကုန် အောက်တိုဘာ ၁၀

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဟောင်းဂျုံးက မိမိတို့အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ ခင်ဗျား--

ကျွန်တော်ကတော့ အမျိုးသားညီလာခံတောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ် ဦးဟောင်းဂျုံးဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြစွပ်စွဲချက်များ လုံးဝမှန်ကန်မှုမရှိကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်တယ်လို့ နိုင်ငံရေး အကျဉ်းသားတွေ ဖမ်းဆီးထားမှု၊ ဒုက္ခသည်တွေ ထွက်ပြေးတိမ်းရှောင်နေရမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ် ရောင်းချမှု၊ အေအိုင်ဒီအက်စ်နဲ့ အခြားရောဂါတွေ ကူးစက်ပြန့်ပွားမှု စသည့် စွပ်စွဲချက်များကို အကြောင်းပြ၍ လုံခြုံရေးကောင်စီ အစီအစဉ်မှာ ထည့်သွင်း ဆွေးနွေးဖို့ တောင်းဆိုခဲ့တာ တွေ့ရပါတယ်။

ဒါတွေဟာ အမေရိကန်နိုင်ငံအနေဖြင့် ကြမ်းပိုးကိုလိပ် တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ပုံကြီးချဲ့ပြီး မြန်မာနိုင်ငံရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေကို လုံးဝ ဥပက္ခာပြုပြီး လိုရာဆွဲ ကောက်ချက်ချထားတာတွေ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား--

အခွင့်အခါသင့်လို့ ကျွန်တော်တို့ တောင်သူလယ်သမားများရဲ့ အခြေအနေကို အနည်းအကျဉ်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်ဘဝကျရောက်ခဲ့ရ

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးဟောင်းဂျုံးက မိမိတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

တဲ့နိုင်ငံအဖြစ် နှစ်ပေါင်း ၁၀၀ကျော် ရုန်းကန် လှုပ်ရှားခဲ့ရပါတယ်။ ၎င်းကာလတွင် ကိုလိုနီနယ်ချဲ့တွေရဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်မှုကြောင့် ကျွန်တော်တို့ တောင်သူလယ်သမားများဟာ အောက်ကျနောက်ကျ စားမနောက်ပိတ် ခွေးဘဝမှာနေရပြီး အင်္ဂလိပ်ရဲ့ လက်ကိုင်တုတ် ချစ်တီးများရဲ့ အနိုင်ကျင့်မှုမှန်သမျှ ခါးစည်းခံရကာ အိမ်ခြေယာမြေ၊ ကျွဲနွားထွန်တုံးသာမက သမီးနဲ့ ဇနီးမယားကိုပါ အသိမ်းခံရတဲ့ ဘဝဆိုးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်မှာ ကျွန်တော်တို့ တောင်သူလယ်သမားများရဲ့ ဘဝဟာ နေ့ရောညပါ အေးအေးလူလူနဲ့ သားသမီးမြေးမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်း လူ့ဘဝအရသာကို တစ်နည်းအားဖြင့် လူ့အခွင့်အရေး၊ တောင်သူလယ်သမား

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

11-10 (10) 1 10/11/06, 3:27 AM

ပေးကမ်းထောက်ပံ့မှုနှင့်တန်အောင် အထိမ်းအမှတ်နေ့အမျိုးမျိုး အကြောင်းပြကျင်းပ အမေရိကန်နှင့်အပေါင်းပါနိုင်ငံတွေ၌ ဆန္ဒပြပွဲတွေဟန်ဆောင်ကျင်းပနေတာဖြစ်

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်စန်းက မိမိတို့အစုအဖွဲ့၏ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်ကတော့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်စန်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ **"မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်စေသည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း"** အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အမေရိကန်နိုင်ငံရဲ့ အကြောင်းပြစွပ်စွဲချက်တွေအရ လုံခြုံရေးကောင်စီအစီအစဉ်မှာ မြန်မာနိုင်ငံအရေးကိစ္စကို တရားဝင်ထည့်သွင်းဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြောင်း၊ ကျွန်တော်တို့အားလုံးသိရှိပြီးဖြစ်ပါတယ်။ အမေရိကန်ရဲ့ အဲ့ဒီအကြောင်းပြစွပ်စွဲချက် အားလုံးဟာ ကြောင်းကျိုးလည်းမညီဘူး၊ မှန်ကန်မှုလည်း မရှိဘူးဆိုတာကို ကျွန်တော့်ရှေ့မှ အဆိုတင်သွင်း ထောက်ခံသူများက ခိုင်မာတဲ့ သက်သေအထောက်အထားများနဲ့ ဆွေးနွေးတင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။

အခုလို **အမေရိကန်က မြန်မာနိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်ဖိအားပေးဖို့ ပြည်တွင်းပြည်ပမှာ ရှိနေတဲ့သူတွေ အဖွဲ့အစည်းတွေကလည်း အားပေးအားမြှောက်လုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအတွင်းမှ ပကတိအခြေအနေမှန်တွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေကို ဖုံးကွယ်ပုံဖျက်ပြီး သတင်းအမှားတွေကို ပြည်တွင်း ပြည်ပချိတ်ဆက်ပြီး လုပ်ကြံဖန်တီး ပေးပို့ခဲ့ကြပါတယ်။ အဲ့ဒီလုပ်ကြံဖန်တီးပေးပို့တဲ့ သတင်းတွေကို အမေရိကန်နဲ့ အပေါင်းပါနိုင်ငံတွေမှာ ပြည်ပြေးတွေနဲ့ ဖွဲ့ပေးထားတဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအမည်ခံအဖွဲ့အမျိုးမျိုးက မြန်မာနိုင်ငံဟာ လုံးဝပျက်စီးယိုယွင်းနေတဲ့ နိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းက ထင်ယောင်ထင်မှားဖြစ်လာအောင် ပုံဖော်လှုံ့ဆော်ခဲ့ကြတာ ဖြစ်**ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ရဲ့ အကြောင်းပြစွပ်စွဲချက်တွေကိုကြည့်ရင် မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီအချို့၊ ၈၈ ဆူပူလှုပ်ရှားမှုမှာ ပါဝင်ခဲ့သူအချို့နဲ့ ပြည်ပြေးအကြမ်းဖက်အဖွဲ့တွေ လက်ကျန် သောင်းကျန်းသူအဖွဲ့တွေ ပူးပေါင်းလုပ်ကြံပေးပို့တဲ့ သတင်းတွေကို အခြေခံထားတာဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အဲ့ဒီလုပ်ရပ်တွေကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ နှောင့်နှေးနေခဲ့ရတာဖြစ်ပါတယ်။ သူတို့ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ထောင်ရာမှာ အပြုသဘောနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်အစား အမျိုးသားနိုင်ငံရေးကို အလေးမထားဘဲ အဖျက်အမှောင့်လုပ်ရပ်တွေကိုသာ ဆောင်ရွက်နေကြပါတယ်။

ဒီအဖွဲ့တွေဟာ တည်ဆဲအစိုးရကို နိုင်ငံတကာကနေ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အဘက်ဘက်မှ ဖိအားပေးမှု၊ ပိတ်ဆို့မှု၊ အရေးယူမှုတွေ လုပ်ရမယ်၊ ဒီလိုလုပ်လာရင် တိုင်းပြည်မှာ စီးပွားရေး၊ လူမှုရေး အကျပ်အတည်းတွေဖြစ်လာပြီး ပြည်သူတွေ စိတ်ဝမ်းကွဲကာ ဆူပူအုံကြွမှုတွေ ဖြစ်လာမယ်။ အဲဒီအချိန်ကြရင် ပြည်တွင်းပြည်ပ အဖျက်သမားတွေ ပူးပေါင်းပြီး ရဏပုံစံနဲ့ နိုင်ငံတော်အာဏာကို ရယူမယ်ဆိုတဲ့ မဟာဗျူဟာနဲ့ လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

ဒီအုပ်စုတွေဟာ မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပေါ်တိုးတက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို မျက်ကွယ်ပြုထားကြပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အမြင်စောင်းအောင် လမ်းကြောင်းပေးနေကြပါတယ်။

ဒီအဖွဲ့အစည်းတွေဟာ ရာဇဝတ်မှုကျူးလွန်လို့၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးလို့ ပြစ်ဒဏ်ကျခံနေရသူတွေကို နိုင်ငံတကာရဲ့ စာနာထောက်ထားမှုရအောင် နိုင်ငံရေးအကျဉ်းသားခေါင်းစဉ်အောက် သွတ်သွင်းပြီး အသနားခံနေကြတာကိုလည်း တွေ့ရပါတယ်။ သူတို့အလိုတိုင်းသာဆိုလျှင် ၁၉၈၈ခုနှစ် ဆူပူအကြမ်းဖက်မှုမှာပါခဲ့ဖူးရင်၊ ဒါမှမဟုတ် နိုင်ငံရေးပါတီဝင်ဖြစ်နေရင် ဘာပဲလုပ်လုပ်ခွင့်လွှတ်ထားရမယ်၊ တရားဥပဒေကို ချိုးဖောက်ရင်တောင် လက်ဖျားနဲ့ မတို့ရဘူးဆိုတဲ့ သဘောဖြစ်နေပါတယ်။

သဘာပတိကြီးခင်ဗျား-

ဒီလိုပဲ ပြည်တွင်းရှိ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဝေဒနာရှင်တွေကို အစိုးရက ကူညီစောင့်ရှောက်ခြင်း မပြုတာကြောင့် သူတို့က ကူညီစောင့်ရှောက်ပေးနေရပါတယ်ဆိုပြီး ပြည်တွင်းပြည်ပမှာ လုပ်ကြံသတင်းဖြန့်ချိခဲ့ကြပါတယ်။ ဝေဒနာရှင်များကို ပေးအပ်မယ့် အကူအညီများကို နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ ၎င်းတို့ထံမှ တစ်ဆင့်သာပေးပို့ရန် တောင်းဆိုမှုတွေနဲ့ ဝေဒနာရှင်တွေကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးပမ်းနေကြပါတယ်။ နိုင်ငံတကာအမြင်မှာ မြန်မာနိုင်ငံအတွင်းရှိ ရောဂါသုံးမျိုးဖြစ်ပွားမှုအခြေအနေဟာ အလွန်ဆိုးရွား နေတယ်လို့ ထင်မြင်လာအောင် သတင်းမှားတွေ ချဲ့ကားပေးပို့ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပါတီအဖွဲ့အစည်းတွေက ပေးပို့နေတဲ့အခြေအနေ၊ ကိန်းဂဏန်းတွေကို ကုလသမဂ္ဂအဖွဲ့အစည်းများက ထုတ်ပြန်တဲ့စာရင်းဇယားများနဲ့ နှိုင်းယှဉ်ကြည့်ရင် များစွာကွာခြားနေကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုပဲ နယ်စပ်ဒေသမှာ အကြမ်းဖက် သောင်းကျန်းသူတွေက အမည်အမျိုးမျိုးနဲ့ဖွဲ့ပေးထားတဲ့ အဖွဲ့တွေကလည်း တိုင်းရင်းသားပြည်သူများအပေါ် တပ်မတော်က အစုလိုက် အပြုံလိုက် သတ်ဖြတ်နေတယ်၊ မတရားစော်ကားနေတယ်၊ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ပတ်သက်နေတယ်ဆိုပြီး လုပ်ကြံဖန်တီးထားတဲ့ အစီရင်ခံစာတွေကို ထုတ်ပြန်ပေးပို့နေကြပါတယ်။ အမေရိကန်နဲ့ အပေါင်းပါအဖွဲ့အစည်းတွေကလည်း သူတို့ရဲ့ နှစ်ပတ်လည်အစီရင်ခံစာတွေမှာ ဒီအချက်အလက်တွေကို အလွန်ခိုင်မာတဲ့အထောက်အထားများအဖြစ် ကိုးကားဖော်ပြနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုကျွန်တော်တင်ပြခဲ့တဲ့ လုပ်ရပ်တွေကို အဖွဲ့အစည်းတစ်ခုချင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းကနေသူတို့သဘောနဲ့ သူတို့ ဆောင်ရွက်နေတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ပြိုကွဲပျက်စီးအောင်၊ လက်ရှိအစိုးရကိုဖြုတ်ချပြီး သူတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရပေါ်ပေါက်လာအောင် ပြည်တွင်းပြည်ပ အကွက်ချပြီး စီမံချက်ရှိရှိ၊ အစီအစဉ်ရှိရှိနဲ့ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်နေတဲ့ လုပ်ငန်းရပ်တွေပဲဖြစ်ပါတယ်။

ပြည်တွင်းပြည်ပမှာရှိနေတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေ လေ့လာဖို့အတွက် ဆိုရော့စ်ဖောင်ဒေးရှင်းက ဖြန့်ဝေခဲ့တဲ့ "The methods of Non-violent Struggle in Burma"ဆိုတဲ့ စာစောင်ထဲမှာ နိုင်ငံတကာ သတင်းဌာနများ၊ အဖွဲ့အစည်းများကိုဆက်သွယ်ပြီး သတင်းမှားတွေ၊ ပုံကြီးချဲ့သတင်းတွေပေးဖို့ နည်းလမ်းတွေ၊ အစိုးရကိုဆန့်ကျင်ပြီး စင်ပြိုင်အုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့ အစည်းများဖွဲ့စည်းဆောင်ရွက်ဖို့ နည်းလမ်းတွေ၊ အစိုးရနှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုဘဲ ငြင်းဆန်ဖို့ နည်းလမ်းတွေကို အသေးစိတ် နည်းပေးလမ်းပြ လုပ်ထားတာကို ကြည့်ရင် ပြည်တွင်းပြည်ပ အဖျက်သမားတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပုံဖော်နေတဲ့လမ်းကြောင်းဟာ တိုင်းပြည်

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်စန်းက မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

ကို ချောက်ကမ်းပါးထဲကျအောင်တွန်းပို့နေတယ်ဆိုတာ သိသာထင်ရှားနေပါတယ်။

သဘာပတိကြီးခင်ဗျား-

နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ပြည်ပြေး အကြမ်းဖက်အဖွဲ့တွေ၊ လက်ကျန်သောင်းကျန်းသူတွေ၊ ပြည်တွင်းမှ နိုင်ငံရေးသမားကြီးငယ်တွေကို အခုလိုမဟုတ်မမှန်တဲ့သတင်းတွေပေးပို့ဖို့၊ ဆူပူအုံကြွမှုတွေဖြစ်အောင် လှုံ့ဆော်ဖို့၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုတွေလုပ်ဖို့ ငွေကြေးပစ္စည်း ထောက်ပံ့မှုတွေရှိနေတယ်ဆိုတာကို ကျွန်တော်တို့အားလုံး အသိပဲ ဖြစ်ပါတယ်။

အဲ့ဒီအဖွဲ့တွေဟာ ဒီလို လုပ်ဖို့အတွက်သူတို့အိတ်ထဲက စိုက်ထုတ်ပြီး အကုန်အကျခံကြမှာ မဟုတ်ပါဘူး။ ဒီလောက်များပြားတဲ့ငွေကြေးပမာဏကိုလည်း သုံးစွဲနိုင်စွမ်း မရှိကြပါဘူး။ သူတို့အားလုံး အခုလိုလှုပ်ရှားနိုင်ဖို့အတွက် ဒိုင်ခံ ထောက်ပံ့နေသူကတော့ အမေရိကန်နဲ့အပေါင်းပါတွေ၊လက်ဝေခံအဖွဲ့တွေပဲ ဖြစ်ပါတယ်။

ပြည်တွင်းမှာ ဗုံးတစ်လုံးဖောက်ခွဲနိုင်ရင်၊ ဆူပူအုံကြွမှုတစ်စုံတစ်ခုပြုလုပ်နိုင်ရင်၊ မဟုတ်မမှန် လုပ်ကြံသတင်းတစ်ပုဒ်ပေးပို့နိုင်ရင် ပြည်ပမှ ငွေကြေး အမြောက်အမြား ဆုချသလိုပေးကမ်းထောက်ပံ့နေတာ ဖြစ်ပါတယ်။

အလားတူပဲ ပြည်ပမှာရှိတဲ့ ဆန့်ကျင်ဘက်အဖွဲ့ အသီးသီးဟာလည်း အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ ထောက်ပံ့မှုကို မှီခိုအားထားနေရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲ့ဒီ ပေးကမ်းထောက်ပံ့မှုနဲ့တန်အောင် အထိမ်းအမှတ်နေ့ အမျိုးမျိုးကို အကြောင်းပြချက်အမျိုးမျိုးနဲ့ ကျင်းပပြီး အမေရိကန်နဲ့ အပေါင်းပါ နိုင်ငံတွေမှာ ဆန္ဒပြပွဲတွေ ဟန်ဆောင်ကျင်းပနေတာဖြစ်ပါတယ်။ အဲ့ဒီလို ဆန္ဒပြပွဲမှာ ပါဝင်ရင် နေ့တွက်မြက်မြက်လေးရကြတယ်လို့လည်း သိရပါတယ်။

တကယ်တော့ ဒါတွေအားလုံးဟာ မြန်မာနိုင်ငံကို ခုတုံးလုပ်ပြီး နိုင်ငံရေး လုပ်စားနေကြတာပဲ ဖြစ်ပါတယ်။ ပြည်ပမှ အခကြေးငွေယူပြီး ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံကို အရှက်ခွဲနေကြတာပဲဖြစ်ပါတယ်။ အဲ့ဒီလို ပြည်တွင်းပြည်ပ အဖျက်သမားတွေ၊ နိုင်ငံရေးအချောင်သမားတွေ ရှိနေသမျှကာလပတ်လုံး အမေရိကန် ကိုလိုနီနယ်ချဲ့လက်သစ်နိုင်ငံက မြန်မာနိုင်ငံအရေးကိစ္စမှာ ဝင်ရောက်စွက်ဖက်ဖိအားပေးနေဦးမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ကမ္ဘာ့သမိုင်းကိုကြည့်ရင် ခေတ်အဆက်ဆက်မှာသွေးခွဲသပ်လျှိုခံရတဲ့၊ စည်းလုံးညီညွတ်မှု ပျက်ပြားတဲ့ နိုင်ငံတိုင်းဟာ ပြည်ပကျူးကျော်စွက်ဖက်မှုအောက်ကို အချိန်မရွေးကျရောက်သွားနိုင်သလို ဖရိုဖရဲနဲ့ ပြိုကွဲပျက်စီးလေ့ရှိတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံ သူ့ကျွန်ဖြစ်ခဲ့ရတဲ့ ၁၉ရာစုနှစ် ကာလကိုကြည့်ရင် ကိုလိုနီနယ်ချဲ့တွေက အမျိုးသားသစ္စာဖောက်တွေကို မွေးမြူအသုံးချပြီး သပ်သျှိုဖြိုခွဲနိုင်ခဲ့မှုဟာ အဓိက အကြောင်းရင်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေဟာ စည်းကမ်းဖောက်တဲ့ အမျိုးသားသစ္စာဖောက်တွေကြောင့် ထီးနန်းပျောက်ရတဲ့အဖြစ်မျိုး ထပ်မံမကျရောက်ရလေအောင် ကြိုတင်ကာကွယ် တားဆီးသွားကြရမှာ ဖြစ်ပါတယ်။

အမိမြေမှာမွေးဖွားပြီး နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို မစောင့်ဘဲ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို မမြှင့်တင်ဘဲ၊ မဟုတ်မမှန် လုပ်ကြံသတင်းတွေကို ဖန်တီးပေးပို့နေကြတဲ့လုပ်ရပ်တွေကို ရှုတ်ချဟန့်တားသွားရမှာပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ **"မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်စေသည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း"** အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

အမေရိကန်က အကြောင်းပြစွပ်စွဲနေတဲ့ သတင်းအချက်အလက်များ ဘက်လိုက်မှု၊ အာဃာတထားရှိမှု၊ စိတ်ဆန္ဒအလိုလိုက်မှုများရှိ

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)က မိမိတို့အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် မရှိမဖြစ်ဧကန်မုချလိုအပ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများကို ပြည်ထောင်စုချစ်စိတ်ကိုယ်စီနဲ့ ညှိနှိုင်းတိုင်ပင်ချမှတ်နေကြတဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဒေသစုံက တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံကိုယ်စားပြု အမျိုးသားညီလာခံကိုယ်စားလှယ် သွေးချင်းသားချင်းညီအစ်ကိုမောင်နှမများခင်ဗျား-

ကျွန်တော်ကတော့ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမြတ်သူ (စာရေးဆရာတက္ကသိုလ်မြတ်သူ)ဖြစ်ပါတယ်။ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်စန်း တင်သွင်းသွားတဲ့ **"မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးအားထိခိုက်လာစေနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း"**အဆိုကို ကျွန်တော်တို့အစုအဖွဲ့ကိုယ်စား ထောက်ခံသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၅ရက်နေ့မှာ အမေရိကန်နိုင်ငံ ကိုယ်စားလှယ်က မြန်မာနိုင်ငံအခြေအနေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်တယ်လို့ အကြောင်းပြပြီး အခြေအမြစ်မဲ့ စွပ်စွဲတောင်းဆိုခဲ့လို့ လုံခြုံရေးကောင်စီ အာဂျင်ဒါမှာ ထည့်သွင်းဆွေးနွေးဖို့ မဲခွဲဆုံးဖြတ်ခဲ့တာ အားလုံးသိကြပြီးဖြစ်ပါတယ်။ အဲဒီမှာ ဗီတိုအာဏာသုံးနိုင်တဲ့ ရုရှား၊တရုတ်နိုင်ငံနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများဖြစ်သော ကာတာနိုင်ငံ၊ ကွန်ဂိုနိုင်ငံတို့က အဲဒီအဆိုကို ကန့်ကွက်ခဲ့ကြပါတယ်။ ကြားနေမဲတစ်မဲလည်းရှိခဲ့ပါတယ်။ အဲဒါကတော့ တန်ဇန်နီးယားနိုင်ငံဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ တရုတ်ကိုယ်စားလှယ်ကတော့ အမေရိကန်ရဲ့လုပ်ရပ်ဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအပိုဒ်၂၄နဲ့ဆန့်ကျင်ကြောင်း၊ ဒေသတွင်း နိုင်ငံတွေက မြန်မာနိုင်ငံအပေါ် အခုလိုသုံးသပ်တာမဟုတ်ဘဲ အလွန်ဝေးကွာတဲ့ အမေရိကန်ကစွပ်စွဲတာ သဘာဝမကျကြောင်း တင်ပြကန့်ကွက်ခဲ့သလို ကာတာနိုင်ငံကလည်း မြန်မာနိုင်ငံဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးထိပါးလာနိုင်တဲ့ အခြေအနေ(Threat to Peace)ရှိတယ်လို့ မည်သည့်ဒေသတွင်းနိုင်ငံကမှ ရှုမြင်

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)က မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

ခြင်းမရှိကြောင်း တင်ပြကန့်ကွက်ခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား-

မြန်မာနိုင်ငံအခြေအနေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်တယ်လို့စွပ်စွဲခဲ့တဲ့ အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ရေခြားမြေခြား သမုဒ္ဒရာခြားပြီး အလွန်ဝေးကွာတဲ့ဒေသမှာ တည်ရှိနေပါတယ်။ အဲဒီလို အလှမ်းဝေးကွာတဲ့ဒေသကနေပြီး မြန်မာနိုင်ငံရဲ့အခြေအနေကို အလုံးစုံသိနေတယ်လို့ ကောက်ချက်ချ စွပ်စွဲမှုဟာ မမှန်မကန် သတင်းအချက်အလက်တွေပေါ်မှာပဲ အခြေခံနေတာဖြစ်တာမို့ အခြေအမြစ် ကင်းမဲ့နေသလို အထောက်အထား ခိုင်လုံတိကျမှုမရှိတာလည်း သေချာနေပါတယ်။

ကိုယ်တွေ့ကြုံမှ ယုံကြည်ရတယ်ဆိုတဲ့ ဆိုရိုးစကားရှိထားတာမို့ သတင်းအချက်အလက်တွေပေါ်မှာ လုံးဝအားထားမှီခိုအကဲဖြတ်မှုဟာ အနည်းနဲ့အများ ကွဲပြားခြားနားမှု ရှိနိုင်ပါတယ်။ အဲဒီသတင်းအချက်အလက် ပေးပို့သူတွေရဲ့ အနေအထားနဲ့ ဆန္ဒသဘောထားတွေကို လိုက်ပြီးတော့လည်း အမှန်နဲ့အမှား လုံးဝ ကွဲပြားသွားနိုင်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ဒါကြောင့်မို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံက အကြောင်းပြ စွပ်စွဲနေတဲ့သတင်းအချက်အလက်တွေကို ဘယ်နေရာ၊ ဘယ်သူတွေဆီက ဘယ်လိုနည်းနဲ့ရရှိနေသလဲဆိုတာကို ပိုင်းခြားဆန်းစစ်ဖို့ လိုအပ်လာပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်သံရုံးရှိနေတာမို့ အဲဒီ သံရုံးက စုဆောင်းပေးပို့တဲ့ သတင်းတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံ နယ်စပ်ဒေသတွေမှာ ရောက်ရှိနေတဲ့ ပြည်ပြေးတွေ၊ ဆန့်ကျင်ဘက်အဖွဲ့တွေ၊ သောင်းကျန်းသူတွေဆီကို ဝင်ထွက်သွားပြီး ၎င်းတို့ဆီက သတင်းအချက်အလက်တွေ ရယူ

စာမျက်နှာ ၁၄ ကော်လံ ၅ သို့

အမေရိကန်အစိုးရက မြန်မာနိုင်ငံသားတို့ ရရှိထားတဲ့စားဝတ်နေရေး လူ့အခွင့်အရေးတွေကို ဆုတ်ယုတ်နိမ့်ကျသွားအောင် လုပ်နေတာပဲဖြစ်

ရန်ကုန် အောက်တိုဘာ ၁၀

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်–

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များရှင့်–

ကျွန်မကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်မအနေနဲ့ **"မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြ စွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေး လုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီး လုပ်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း"**အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံရဲ့ အခြေအနေဟာ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်လာနိုင်လို့ လုံခြုံရေးကောင်စီ ဆွေးနွေးမယ့် အစီအစဉ်မှာ ထည့်သွင်းဆွေးနွေးဖို့ ဖိအားပေး တောင်းဆိုခဲ့ပါတယ်။ အဲဒီလို တောင်းဆိုခဲ့တဲ့ ရည်ရွယ်ချက်ကတော့ တည်ဆဲအစိုးရနဲ့ ဆန့်ကျင်ဘက် ပါတီတစ်ခု၊ တိုင်းရင်းသား တောတွင်းလက်နက်ကိုင် အုပ်စုများ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ တစ်ဆင့်တက်ပြီး ဖိအားပေးလိုက်တာပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပြီး လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ညှိနှိုင်းဆွေးနွေးနေတဲ့ အမျိုးသားရေး စင်မြင့်ကြီးဖြစ်သော အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီး လုပ်လိုက်တာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် ကျင်းပလျက်ရှိတဲ့ အမျိုးသားညီလာခံရဲ့ လုပ်ငန်းများ အများစုပြီးစီးနေပြီး မကြာသော ကာလမှာ အားလုံးပြီးမြောက် အောင်မြင်တော့မှာဖြစ်လို့ ဒီလုပ်ငန်းစဉ်ကြီးတစ်ရပ်လုံး နှောင့်နှေးကြန့်ကြာပျက်စီးသွားအောင် အစီအစဉ်ရှိရှိနဲ့ အကွက်ချ လုပ်နေတာဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

အခုလို ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်အမျိုးသားညီလာခံ ကျင်းပနေတာဟာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီ ကျင့်သုံးဖို့၊ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ဖို့ ကြိုးပမ်းလုပ်ဆောင်နေတာဖြစ်ကြောင်း ကျွန်မတို့အားလုံး လက်ခံယုံကြည် ထားကြပါတယ်။

အမေရိကန် အစိုးရဟာ ကမ္ဘာ့အရပ်ရပ်မှာ လျှို့ဝှက်အကျဉ်းစခန်းတွေဖွင့်ထားပြီး လူပေါင်းမြောက်မြားစွာ ဖမ်းဆီးချုပ်နှောင်နှိပ်စက် ညှဉ်းပမ်းနေတာကို ကမ္ဘာ့လူသားထုတစ်ရပ်လုံးက သိရှိကြလို့ ဝိုင်းဝန်းရှုတ်ချနေကြပါပြီ။ အမေရိကန် နိုင်ငံသားများကပင်လျှင် သူတို့အစိုးရရဲ့ လုပ်ရပ်ကို ရှုတ်ချနေကြပြီး ဒီလိုလူ့အခွင့်အရေးကို ပြောင်ကျကျချိုးဖောက်ပြီး လက်မရှံ့အာဏာ ပါးကွက်သားနဲ့တူတဲ့ အမေရိကန်အစိုးရက မြန်မာနိုင်ငံသားတွေရဲ့ လူ့အခွင့်အရေးတိုးတက် ကောင်းမွန်အောင် ကြွေးကြော်သံ ပေးနေတာဟာ ရယ်စရာပျက်လုံးတစ်ခုသာ ဖြစ်နေပါတယ်။

မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုမရှိအောင်၊ စီးပွားရေးအခက်အခဲများနဲ့ ရင်ဆိုင်ရအောင် စီးပွားရေး ပိတ်ဆို့မှုတွေပြုလုပ်နေတဲ့ အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံသားတို့ ရရှိပြီးထားတဲ့ စားဝတ်နေရေး၊ လူ့အခွင့်အရေးတွေကို ဆုတ်ယုတ်နိမ့်ကျသွားအောင် လုပ်နေတာပဲဖြစ်ကြောင်း သိသာထင်ရှားလှပါတယ်။

ဒါတင်မကသေးပါဘူး၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေး တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နေတဲ့ ကျွန်မတို့ရဲ့ အမျိုးသားညီလာခံကြီးကိုပါ ရပ်ဆိုင်းသွားအောင် ဖျက်လိုဖျက်ဆီး ကဖျက်ယဖျက် လုပ်နေပြန်ပါပြီ။

ဒီလိုဖျက်လိုဖျက်ဆီး လုပ်နေခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ အမေရိကန်နဲ့ အပေါင်းပါတွေလိုလားနေတာက မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမဟုတ်ဘဲ မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့ လက်သစ်ဩဇာခံ နိုင်ငံဖြစ်ရေးနဲ့ မြန်မာနိုင်ငံမှာ ၎င်းတို့အလိုကျ ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရတင်နိုင်ရေးပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စနစ်တခုမှ စနစ်သစ်တစ်ခုသို့ ကူးပြောင်းတည်ဆောက်ကြမယ်ဆိုရင် ဦးစွာပထမ အခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုလိုနီ လက်အောက် အုပ်ချုပ်ခံဘဝမှ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးတည်ဆောက်နိုင်ဖို့အတွက် "၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါတယ်။ ၎င်းနောက်မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါတယ်။ အဆိုပါ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကျင့်သုံးရာမှာ ၎င်းအခြေခံဥပဒေပါ အားနည်းချက်များကြောင့်ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အခြေအနေအထိ ရောက်ရှိခဲ့လို့ ယိုယွင်းပျက်ပြားတဲ့ အခြေအနေကို တပ်မတော်က အချိန်မီ ထိန်းသိမ်းနိုင်ဖို့အတွက် ၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့မှာ နိုင်ငံတော်ရဲ့တာဝန် အရပ်ရပ်ကိုရယူပြီး ပြည်ထောင်စုရဲ့ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းခဲ့ရပါတယ်။ အဲဒီနောက် နိုင်ငံတော်ကို ဆိုရှယ်လစ် စီးပွားရေးစနစ် ကျင့်သုံးသော ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တစ်ပါတီ စနစ်ဖြင့် တည်ဆောက်နိုင်ရေးအတွက် "၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ"ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါတယ်။

သဘာပတိကြီးရှင့်–

၁၉၈၈ခုနှစ်အတွင်း အရေးအခင်းများဖြစ်ပေါ်ခဲ့လို့ နိုင်ငံတစ်ဝန်းလုံးမှာ အခြေအနေအရပ်ရပ် ယိုယွင်းပျက်စီးခဲ့ရပြန်ပါတယ်။ ပြည်ထောင်စုကြီး တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတော့မယ့် အခြေအနေဆိုးကြီးပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရပ်ဆိုးအန္တရာယ်ဆိုးကြီးမှကာကွယ်ပြီး ပြည်ထောင်စုကြီး မပြိုကွဲစေဖို့အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပါတယ်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

ဒါကြောင့်မို့ ထိုစဉ်က ကျင့်သုံးခဲ့တဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေလည်း ပျက်ပြယ်သွားခဲ့ရလို့ တပ်မတော်အစိုးရဟာ အများပြည်သူရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီ စနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်တို့ကိုအကောင်အထည်ဖော် ကူးပြောင်းတည်ဆောက်နိုင်ဖို့အတွက် နေ့မအား၊ ညမနားဘဲ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်။

သဘာပတိကြီးရှင့်–

ကျွန်မတို့နိုင်ငံမှာ တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့လည်းကောင်း၊ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ လည်းကောင်း ကူးပြောင်း တည်ဆောက်နိုင်ဖို့အတွက် ၎င်းစနစ်သစ်၊ ခေတ်သစ်ကို ဖော်ဆောင်နိုင်စွမ်းရှိမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟာမရှိမဖြစ် ရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်လာပါတယ်။ ဒါ့အပြင် ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ နိုင်ငံရေးပါတီအများစုရဲ့ ဆန္ဒကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေးဖြစ်ကြောင်း ၎င်းတို့ရဲ့ရွေးကောက်ပွဲဝင်သဘောထားကြေညာချက်များအရ သိရှိနိုင်ပါတယ်။

ယနေ့ကာလဟာ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့ အသွင်ကူးပြောင်းနေတဲ့ ကာလဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ နိုင်ငံတစ်နိုင်ငံမှာ ပါတီစုံ ဒီမိုကရေစီ စနစ်ကို ဘယ်နည်းနဲ့မျှ တည်ဆောက်ကျင့်သုံးလို့ရနိုင်မှာ မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟာ မြန်မာနိုင်ငံသား အားလုံးရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းနိုင်ဖို့အတွက် အမျိုးသားညီလာခံကြီးကို ရှေ့လုပ်ငန်းစဉ် (၇)ရပ်နဲ့အညီ ကျင်းပပေးနေတာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်မှာ လိုအပ်လျက်ရှိတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေဖို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ အေးအတူပူအမျှ အတူတကွ နေထိုင်လျက်ရှိသော တိုင်းရင်းသား လူမျိုး၁၀၀ကျော်တို့ရဲ့ ဆန္ဒသဘောထားများကိုရယူနိုင်ဖို့ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်အများအပြား ပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မယ့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များ တညီတညွတ်တည်းချမှတ်နိုင်လျက်ရှိနေပါတယ်။

သဘာပတိကြီးရှင့်–

သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ အခြေခံမူများ၊ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ်ပြီးစီးရင် ရှေ့ဆက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းသွားမှာပဲဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံ အခြေခံသစ်ပြဋ္ဌာန်းပြီးရင် အခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ ရွေးချယ်တင်မြှောက်ပွဲတွေ ကျင်းပသွားမှာပဲဖြစ်ပါတယ်။ အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေဟာ အခြေခံဥပဒေနဲ့အညီ လွှတ်တော်တွေကို ဖွဲ့စည်း၍ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာတွေကို ခွဲဝေကျင့်သုံးပြီး ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက် အကောင်အထည်ဖော်သွားဖို့ပဲ ရှိပါတယ်။

အဲဒီလို နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်တွေ အတိအကျ သတ်မှတ်ကြေညာပြီး နိုင်ငံတော်နဲ့ ပြည်သူတွေ အခြေခံကောင်းတဲ့ လမ်းကြောင်းပေါ်မှာ လက်တွဲလျှောက်လှမ်းလာခဲ့ကြတာမို့ အခုဆိုရင် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်ကို ပုံဖော် လှမ်းမျှော်ရှုမြင်လို့ ရနေပြီဖြစ်ပါတယ်၊ အခုလို ပန်းတိုင်ရောက်ကာနီး လက်တစ်လှမ်း အကွာကျမှ အမျိုးသားညီလာခံမှာ ဘယ်ပါတီက မပါလို့၊ လက်ကျန် သောင်းကျန်းသူ တွေ မပါနိုင်လို့ နောက်ကြောင်းပြန်လှည့်ရမယ်၊ တာထွက်ကို ပြန်စရမယ်လို့ ဖိအားပေးလှုံ့ဆော် တောင်းဆိုနေတာတွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေ နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ် ရင်းနှီးမြှုပ်နှံခဲ့ရတဲ့ စွမ်းအားတွေ အရင်းအမြစ်တွေကို သဲထဲရေသွန်သလို ဖြစ်စေတာ တွေ့ရပါတယ်။

သဘာပတိကြီးရှင့်–

ဒါကြောင့်မို့ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ လုပ်ရပ်ဟာ မင်းသားကြီး မလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တဲ့ ပွဲဖျက်သော လုပ်ရပ်ဖြစ်နေပါတယ်။ **စနစ်သစ်တစ်ရပ်ကို ကူးပြောင်းပြီး နိုင်ငံတော်ကို ထူထောင်တည်ဆောက်ကြရာမှာ ပြည်ပ ပယောဂကင်းစင်ဖို့ လိုအပ်ပါတယ်။ အမျိုးသားရေးအင်အားစုအားလုံးဟာ အမျိုးသားနိုင်ငံရေးကို တစ်သမတ်တည်း ရှေးရှုပြီး ပြည်တွင်းအင်အား အခြေခံနဲ့သာ ပူးပေါင်း လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။** အဲဒီလို လုပ်ဆောင်ရာမှာလည်း ဖြစ်ချင်တာတွေ လတ်တလော မဖြစ်နိုင်သေးတာတွေကို အဓိကမထားဘဲ လက်ငင်းလက်တွေ့ ဖြစ်နိုင်တာကနေ ဖြစ်အောင်စလုပ်ဖို့ လိုအပ်ပါတယ်။

အဲဒီလို ဖြစ်နိုင်တာကနေ ဖြစ်အောင် စလုပ်တဲ့ အခြေခံပန္နက်ပေါ်မှာ မူတည်ပြီး နောက်ပိုင်းမှာ အခြေအနေ အချိန်ကာလ ပေးလာတာနဲ့အမျှ နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို ရှေးရှုပြီး ဖြစ်သင့်ဖြစ်ထိုက်တာတွေ၊ ဖြစ်စေချင်တာတွေကို ပြုပြင်ပြောင်းလဲ တိုးချဲ့မြှင့်တင် ဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

အခုအမေရိကန်အစိုးရနဲ့ ပြည်တွင်း ဆန့်ကျင်ဘက် ပါတီ၊ လက်ကျန်သောင်းကျန်းသူတွေ လက်ဝါးချင်းရိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုနေတာတွေဟာ ကျွန်မ ဖော်ပြခဲ့တဲ့ သဘာဝဓမ္မတရားနဲ့ လုံးဝဆန့်ကျင်နေတဲ့အပြင် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအရ အကောင်းဆုံးဆောင်ရွက်မှုဖြစ်တဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို နှောင့်နှေး ကြန့်ကြာပျက်ပြားအောင် လုပ်ဆောင်နေတာဖြစ်ကြောင်း သုံးသပ် တွေ့ရှိနိုင်ပါတယ်။ တစ်နည်းဆိုရင် အမေရိကန်အစိုးရအလိုကျ ပြည်တွင်း ဆန့်ကျင်ဘက်ပါတီနဲ့ အပေါင်းပါတွေ၊ လက်ကျန်သောင်းကျန်းသူတွေ၊ နိုင်ငံသစ္စာဖောက်ပြည်ပြေးတွေအလိုကျ အနောက်တိုင်းဒီမိုကရေစီကို ပုံတူကူးချတဲ့ လမ်းကြောင်းကို လိုက်ပါလျှောက်လှမ်းဖို့ တိုက်တွန်းနေခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

သဘာပတိကြီးရှင့်–

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်ဖို့ အမျိုးသားညီလာခံမှာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုပြီး ညှိနှိုင်းဆုံးဖြတ်ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းရာမှာ ယခင်ခေတ်ကာလများထက် ပိုမိုပြည့်ဝကောင်းမွန်တဲ့ အခြေခံကောင်း၊ အလားအလာကောင်းများကို ဖော်ညွှန်းနေတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်ကို ဖော်ဆောင်ပေးနိုင်မည့် အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ဆက်လက်ကျင်းပ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံ ပျက်စီးရာ ပျက်စီးကြောင်း ရည်ရွယ်လုပ်ဆောင်မှု မှန်သမျှကို ကျွန်မတို့ အားလုံး တားဆီးတိုက် ဖျက်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း ထပ်လောင်း ပြောကြားလိုပါတယ်။

ဒါကြောင့်မို့ "မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေး လုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်း"အဆိုအား အလေးအနက် တင်သွင်းအပ်ပါတယ်ရှင့်။ ။

အမေရိကန်နဲ့ နောက်လိုက်တွေရဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားညီလာခံကြီးကိုဖျက်ဆီးပြီး NLD နဲ့ အပေါင်းအပါတွေ အာဏာရရှိရေး ထောင်ချောက်ဆင်ကျုံးသွင်းနေတာဖြစ်

ရန်ကုန် အောက်တိုဘာ ၁၀

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ကိုယ်စား ကချင်ပြည်နယ် အထူးဒေသ(၁)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်ရှန်တိန့်ဆောင်က မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်တင်ပြသည်–

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ယနေ့ကျင်းပသော အစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ ကချင်ပြည်နယ် အထူးဒေသ(၁)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်ရှန်တိန့်ဆောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ **"နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ" တင်သွင်းသွားတဲ့ "မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြ စွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးလုပ်ခြင်း ဖြစ်၍ ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်း"** အဆိုအား ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံရဲ့ အခြေအနေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်လာနိုင်လို့ လုံခြုံရေးကောင်စီရဲ့ ဆွေးနွေးမယ့်အစီအစဉ်မှာ ထည့်သွင်းဆွေးနွေးဖို့ အမေရိကန်က ဖိအားပေး တောင်းဆိုခဲ့လို့ လုံခြုံရေးကောင်စီမှာ မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ရပါတယ်။ အဲဒီလုပ်ရပ်ကို နိုင်ငံတော်နဲ့ ပြည်သူလူထုက ဆန့်ကျင် ကန့်ကွက်တဲ့ သဘောထားကြေညာချက် ထုတ်ပြန်ပြီး ရှုတ်ချခဲ့ပေမယ့် NLD အပါအဝင် ပြည်တွင်းပြည်ပမှအမေရိကန်ရဲ့ နောက်လိုက်တွေကတော့ ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြတာကို တွေ့ရှိရပါတယ်။

ဒါဟာ ယနေ့မြန်မာ့နိုင်ငံရေး လမ်းကြောင်းပေါ်မှာ ပြည်ပအားကိုး အမျိုးသား သစ္စာဖောက်တွေက ခလုတ်ကန်သင်းသဖွယ် တားဆီးနှောင့်ယှက် ဟန့်တားနေကြတယ်ဆိုတာကိုမီးမောင်း ထိုးပြလိုက်တာပဲဖြစ်ပါတယ်။အမျိုးသားနိုင်ငံရေးသမိုင်းမှာ ပြည်ပ ပယောဂတွေ၊ ပြည်ပအားကိုး ပုဆိန်ရိုးတွေ ရှိခဲ့ကြသလို အခုလည်း ၎င်းတို့ရှိနေဆဲဖြစ်ကြောင်း ဖွင့်ဟဝန်ခံလိုက်တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၃ သို့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ကိုယ်စား ကချင်ပြည်နယ် အထူးဒေသ(၁)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမန်ရှန်တိန့်ဆောင်က မိမိတို့ အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြစဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီနှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကပစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာကံဇော်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦးရှိပြီး ၁၀၇၅ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၄၄ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ သဘာပတိ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

(သဘာပတိ၏ အဖွင့်အမှာစကားကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့်အမျိုးသားညီလာခံကိုယ်စားလှယ်များက မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ မဟုတ်မမှန် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များ၏ ဆန္ဒကိုထုတ်ဖော်တင်ပြကြရာ ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစောစံရွှေက ၎င်းတို့အစုအဖွဲ့၏ဆန္ဒကို ထုတ်ဖော်တင်ပြသည်။

(ဦးစောစံရွှေ၏ ဆန္ဒထုတ်ဖော်တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ကို ကိုယ်စားပြုသည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောစံရွှေက ၎င်းတို့အစုအဖွဲ့၏ဆန္ဒကို ထုတ်ဖော်တင်ပြချက်နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသိမ်းကြည်က ထောက်ခံဆွေးနွေးသည်။

(ဦးသိမ်းကြည်၏ ထောက်ခံဆွေးနွေးချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးလာလ်တင်မန်းက ၎င်းတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြသည်။

(ဦးလာလ်တင်မန်း၏ ဆန္ဒထုတ်ဖော်တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးလာလ်တင်မန်းက ၎င်းတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြချက်နှင့် စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကိုယ်စားလှယ်ဦးဟောင်းဂျုံးက ထောက်ခံဆွေးနွေးသည်။

(ဦးဟောင်းဂျုံး၏ ထောက်ခံဆွေးနွေးချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ ကိုယ်စားပြုသည့် အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်စန်းက ၎င်းတို့ အစုအဖွဲ့၏ဆန္ဒကို ထုတ်ဖော်တင်ပြသည်။

(ဦးအောင်စန်း၏ ဆန္ဒထုတ်ဖော်တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအောင်စန်းက ၎င်းတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြချက်နှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)က ထောက်ခံဆွေးနွေးသည်။

(တက္ကသိုလ်မြတ်သူ၏ ထောက်ခံဆွေးနွေးချက်ကို သီးခြားဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးသို့ တက်ရောက်လာသူများက ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၎င်းတို့ အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြသည်။

(ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၏ ဆန္ဒထုတ်ဖော် တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၎င်းတို့အစုအဖွဲ့၏ ဆန္ဒကို ထုတ်ဖော်တင်ပြချက်နှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့ကို ကိုယ်စားပြုသည့် ကချင်ပြည်နယ် အထူးဒေသ(၁)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်ရှန်တိန့်ဆောင်က ထောက်ခံဆွေးနွေးသည်။

(ဦးမန်ရှန်တိန့်ဆောင်၏ ထောက်ခံဆွေးနွေးချက်ကို သီးခြား ဖော်ပြထားပါသည်။)

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားရာ ယခုဆိုလျှင် အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံး ကြားသိကြပြီးသည့်အတိုင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးသည် အဆို(၄)ရပ်ကို တင်သွင်းထောက်ခံသွားကြသည်ကိုတွေ့ရကြောင်း၊ ယင်းအဆိုပြုထောက်ခံချက်များမှာ–

မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင် သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေး လုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း။

မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအားထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြစွပ်စွဲချက်များ လုံးဝမှန်ကန်မှုမရှိကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်စေသည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေး လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများ ပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း။

မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက် လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေး လုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီး လုပ်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းတို့ ဖြစ်ကြောင်း။

ညီလာခံကိုယ်စားလှယ်များသည် မိမိတို့ရင်ထဲက ဖြစ်ပေါ်ခံစားနေရသည့် ဆန္ဒအမှန်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြကြသည်ကို ကြည့်ခြင်းအားဖြင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးလည်း မိမိတို့ တိုင်းပြည်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး မတော်မတရားပြုမှုသော လုပ်ရပ်များကို ခံပြင်းနာကြည်းနေကြကြောင်းကို တွေ့ရကြောင်း၊ ယခုအခါအတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များသာမက ပြည်သူများကပါ လက်သဲဆိတ် လက်ထိပ်နာ ဆိုသကဲ့သို့ ခံပြင်းသောစိတ်များ တဖွားဖွားပေါ်ပေါက်နေသည်ကို တွေ့ရှိနေရကြောင်း။

မိမိတို့ နိုင်ငံသားများသည် အရေးကိစ္စရှိလာလျှင် စုစုစည်းစည်း၊ စည်းစည်းလုံးလုံးရှိသည့် စိတ်ဓာတ်ကို သိရှိကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုဖော်ဆောင်ရန် ဦးတည်ချက်ပန်းတိုင်ဖြစ်သည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်ပြီး ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် အင်တိုက်၊ အားတိုက် ချီတက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံ ပြည်တွင်းရေးကို ပြည်တွင်းပြည်ပအချို့က မည်သို့ပင် နှောင့်ယှက်ခြင်း၊ ဖိအားပေးခြင်း စသည်တို့ပြုလုပ်နေကြစေကာမူ မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် မိမိတို့မျှော်မှန်းသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပန်းတိုင်သို့ မရောက်ရောက်အောင် မလျှော့သောဇွဲလုံ့လဖြင့် ချီတက်မည် ဆိုသည်ကို အသိပေးပြောကြားလိုကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် အဆိုပြုထောက်ခံသွားကြသော အဆို(၄)ရပ်ကို အမျိုးသားညီလာခံကိုယ်စားလှယ်များက တစ်ခဲနက် အတည်ပြုကြသည့်အတွက် အဆိုပါအဆို(၄)ရပ်ကို ဤအမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးကြီးက အတည်ပြုကြောင်း ကြေညာရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

အမျိုးသားညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များက **"ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက် လုပ်ရပ်များ ချေမှုန်းရေး" (ဒို့အရေး၊ ဒို့အရေး)၊ "မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး" (ဒို့အရေး၊ ဒို့အရေး)၊ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေး" (အောင်ရမည်၊ အောင်ရမည်)** ဟု စသည့်ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး ညနေ ၃နာရီတွင် အမျိုးသားညီလာခံ အထူးအစည်းအဝေးကို ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဒီမိုကရေစီကူးပြောင်းရေးအတွက် ကြိုးပမ်းနေတဲ့ ကျွန်တော်တို့ အမျိုးသားညီလာခံကြီးကိုပါ ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ အဲ့ဒီလို ဆောင်ရွက်ရာမှာ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာတော့ အမေရိကန်နိုင်ငံကဦးဆောင်ပြီး မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆွေးနွေးမယ့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးဖို့၊ ဆုံးဖြတ်ချက်တွေချမှတ်ဖို့အထိ အားထုတ်လုပ်ဆောင်လာတာ တွေ့ရှိရပါတယ်။ ကုလသမဂ္ဂနဲ့လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခုက မိမိအလိုကျဆောင်ရွက်ပေးဖို့ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား မြန်မာနိုင်ငံရဲ့ပကတိ အခြေအနေမှန်များကို သိရှိကြတဲ့ မိတ်ဆွေနိုင်ငံများက လက်မခံဘဲ မြန်မာနိုင်ငံနဲ့ ပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့တာကိုလဲ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

ဆက်လက်ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ အလွှာအသီးသီးက တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အေးအတူပူအမျှ ဉမကွဲသိုက်မပျက် စုပေါင်းနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့လည်း ပါဝင်တက်ရောက်လျက်ရှိနေကြပါတယ်။

ယခုပြန်လည်ကျင်းပနေတဲ့ အမျိုးသားညီလာခံကို တက်ရောက်လာကြတဲ့ ပြည်သူများကိုကိုယ်စားပြုတဲ့ ညီလာခံကိုယ်စားလှယ်အသီးသီးဟာ မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်ဖို့ ကုလသမဂ္ဂနဲ့လုံခြုံရေးကောင်စီကို အသုံးချရန်ပါ ကြိုးစားအားထုတ်လာတဲ့ အမေရိကန်နိုင်ငံရဲ့ လုပ်ရပ်အပေါ် မခံမရပ်နိုင်ဖြစ်ကြပြီး အမေရိကန်နိုင်ငံရဲ့ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချနိုင်ဖို့ ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးဟာ အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေး ကျင်းပပေးရန် တောင်းဆိုခဲ့ကြပါတယ်။ အမျိုးသားညီလာခံ အလုပ်ညှိကျသဘာပတိအဖွဲ့ဟာ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးရဲ့ တောင်းဆိုမှုများအပေါ် လိုက်လျောဆောင်ရွက်ပေးသင့်တယ်လို့ သုံးသပ်ရရှိတဲ့အတွက် အခုလို အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးကို ကျင်းပပေးခြင်းဖြစ်ပါ တယ်။

ဒါကြောင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ရင်ထဲက ဆန္ဒအမှန်များကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်တင်ပြကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

တွေရဲ့အခွင့်အရေးဟာ အမြင့်မားဆုံး ခံစားရရှိနေရပြီး ကျေးလက်ဒေသတိုင်းတွင် လမ်းပန်းဆက်သွယ်ရေး လုံခြုံပြီး ရေနှင့်လျှပ်စစ်မီးများပါပြီး ပြည့်စုံစွာ ရရှိခံစားနေရသည့် အတွက် အထက်ကပြောခဲ့တဲ့ သူ့ကျွန်ဘဝကို ပြန်မရောက်လိုတော့ပါ။

ယနေ့ဆိုရင် ကျေးလက်နဲ့ မြို့ကွာဟမှုမရှိဘဲ နေ့ရောညပါ ကားကြီးကားငယ်များဖြင့် မြို့ကြီးပြကြီးများကို နေ့ချင်းပြန်လွယ်ကူစွာ သွားလာလှုပ်ရှားနိုင်ပြီး မြန်မာပြည်တစ်နံတစ်လျား သတင်းစကားများကိုလည်း လက်ကိုင်ဖုန်းတွေနဲ့ ကျွန်တော်တို့ ကိုယ်တိုင် ဆက်သွယ်ပြောဆိုဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါတယ်။

ထော်လာဂျီ၊ ဆိုင်ကယ်၊ ခြောက်ဘီးကား၊ ဆယ်ဘီးကားတွေနဲ့ နေ့ရောညပါ ကူးသန်းရောင်းဝယ်မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ်လို့ စီးပွားရေးတိုးတက်လာသလို ကျွန်တော်တို့ရဲ့ သားသမီးများဟာလည်း နွားကျောင်းသား၊ ဆိတ်ကျောင်းသားဘဝကနေ အင်ဂျင်နီယာ၊ ဆရာဝန်အပါအဝင် တက္ကသိုလ်အသီးသီးမှ ဘွဲ့များရရှိခဲ့ကြပြီးဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှ တောင်သူလယ်သမားများခင်ဗျား၊ ကျွန်တော်တို့ ဟာ နိုင်ငံသားများအတွက် စားနပ်ရိက္ခာ ပြည့်ဝ ဖူလုံအောင် ထုတ်လုပ်ပေးပြီး ပိုလျှံတဲ့ လယ်ယာထွက်သီးနှံများကို တင်ပို့ရောင်းချရာမှာ ကုန်သွယ်မှုကို ပိတ်ဆို့ နှောင့်ယှက်မှုများကြောင့် ကျွန်တော်တို့ တောင်သူလယ်သမား အများစုကိုသာတိုက်ရိုက်ထိခိုက်နစ်နာနေသည့်အတွက် အမေရိကန်အစိုးရ၏လုပ်ရပ်ကို ဘဝတူတောင်သူလယ်သမားများအချင်းချင်း ကိုယ်ချင်းစာနာစိတ်ရှိကြမယ်လို့ ယူဆမိပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၈၈–၁၉၉၂ တစ်ဝိုက်တွင် နယ်စပ် တစ်လျှောက်မှာ သောင်းကျန်းသူအဖွဲ့ အမျိုးမျိုးဟာ ပြည်တွင်းမှ သယံဇာတပစ္စည်းများ ခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းတို့မှရရှိလာတဲ့ ငွေများနဲ့ မှောင်ခိုလက်နက်များ ဝယ်ယူအသုံးပြုခြင်းစသည့် လုပ်ဆောင်နေမှုများကို တပ်မတော်က စစ်ဆင်ရေးများဖြင့် ရှင်းလင်း ဆောင်ရွက်ခဲ့တဲ့အတွက် သောင်းကျန်းသူများနဲ့ ၎င်းတို့ရဲ့ မိသားစုများဟာ တစ်ဖက်နိုင်ငံကို ရောနှောထွက်ပြေး တိမ်းရှောင်ရင်း ဒုက္ခသည်စခန်းဆိုတာဖြစ်လာပါတယ်။ ဒ့ါအပြင် ကိုယ့်အမှားကိုယ်သိပြီး ကျရောက်လာမယ့်ပြစ်ဒဏ်ကို တိမ်းရှောင်ဖို့အတွက် ချေအီး ချေလန့်ထွက်ပြေးသူများလည်း ပါဝင်နေပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရရဲ့ ငြိမ်းချမ်းရေး တည်ဆောက်ပေးမှုကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ် (၁၈)ဖွဲ့တို့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ လက်ကျန် သောင်းကျန်းသူအဖွဲ့သုံးဖွဲ့သာ တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်း အမည်ခံကာ အနည်းအကျဉ်းသာ လှုပ်ရှားနိုင်ပါတော့တယ်။

ယခုအခါ နယ်စပ် အားလုံးမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိပြီး လက်နက်မှောင်ခိုမှုတွေ ပပျောက်ကာ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေဟာလည်း လျော့နည်းကျဆင်းခဲ့သည့်အပြင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေအနေနဲ့ ၂၀၁၄ခုနှစ်မှာ မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်အောင် နိုင်ငံတော်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်း ပြည်ပမှ ဆန့်ကျင်နေကြသူများခင်ဗျား၊ မျက်မှန်စိမ်းတပ်၍ မြက်ခြောက်ဝါးနေမည့် အစား မျက်မှန်စိမ်းကို ချွတ်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို မြင်အောင် သိအောင်လာကြည့်ကြစမ်းပါလို့ ပြောလိုက်ချင်ပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို တကယ်ချစ်ခင်မြတ်နိုးတယ်ဆိုရင် အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ပြောကြဆိုကြ လုပ်ကြကိုင်ကြဖို့ သတိပေးစကားပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၈၈–၁၉၉၂ ကာလနဲ့ ယနေ့ကာလဟာ ၁၅နှစ်တာမျှ ကွာခြားခဲ့ပါပြီ။ အဲဒီတုန်းက အခြေအနေနဲ့ ယခုအနေအထားဟာ လုံးဝကွဲပြားခြားနားသွားခဲ့ပါပြီ။ အဲဒီလို ၁၉၈၈–၁၉၉၂ ကာလက အခြေအနေမျိုးမှာ မြန်မာနိုင်ငံအရေးကိစ္စဟာ ဒေသတွင်းနဲ့ နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေတယ်လို့ စွပ်စွဲခဲ့ခြင်းမရှိဘဲ ထိုစဉ်ကထက် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေ အဆမတန် သာလွန်ရရှိဖြစ်ထွန်းနေတဲ့ ယခုကဲ့သို့ အနေအထားမျိုး ရောက်မှ စွပ်စွဲ ဖိအားပေးလာခြင်းဟာ ကြောင်းကျိုးဆီလျော်မှု လုံးဝမရှိကြောင်း အလွန်ပဲ သိသာထင်ရှားနေပါတယ်။

ဒုက္ခသည်ဆိုသူများဟာ ၎င်းတို့ ဒေသမှာသောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိလို့ ထွက်ပြေး တိမ်းရှောင်နေသူများဖြစ်တာကြောင့် မျက်မှောက်ကာလမျိုးမှာ မြန်မာနိုင်ငံ အတွင်းမှာ ဒုက္ခသည်တွေ သိန်းချီပြီး ထွက်ပြေးနေရတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ အခြေအနေ၊ အချိန်ကာလနဲ့ မအပ်စပ်ဘဲ ကြောင်းကျိုးခိုင်လုံမှုမရှိတဲ့ စွပ်စွဲချက်ဖြစ်ကြောင်း ထင်ရှားနေပါတယ်။

ဒ့ါအပြင် နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တစ်နိုင်ငံတည်းအနေနဲ့ ဆောင်ရွက်နေတာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနဲ့လည်းကောင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနဲ့လည်းကောင်း၊ အမေရိကန်၊ ရုရှားဖက်ဒရေးရှင်းစသည့် နိုင်ငံများနဲ့လည်းကောင်း သဘောတူစာချုပ်များချုပ်ဆိုပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများဟာလည်း နယ်စပ်ဒေသများသို့ ၎င်းတို့အစီအစဉ်ဖြင့် အကြိမ်ကြိမ်သွားရောက်လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့ကျနေကြောင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးမှု အောင်မြင်နေကြောင်း အသိအမှတ်ပြု ပြောကြားခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါးပြဿနာနဲ့ပတ်သက်ပြီး စွပ်စွဲပြောဆိုမှုတွေဟာ အမှန်ကို မျက်ကွယ်ပြုထားပြီး လိုရာဆွဲ ပြောကြားနေခြင်းသာ ဖြစ်ကြောင်း ထင်ရှားနေပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖော်ပြပါ အကြောင်း အချက်အလက်တွေကို ထောက်ရှုရင် **အမေရိကန်ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ဖို့ ကြိုးပမ်းအားထုတ်နေရာမှာ ကုလသမဂ္ဂစင်မြင့်ကိုပါအသုံးချနိုင်ဖို့အတွက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ မဟုတ်မမှန်တဲ့ သတင်းအချက်အလက်တွေကို ရယူစုဆောင်းပြီး အခုလို အကြောင်းပြ စွပ်စွဲခဲ့တာဖြစ်ကြောင်းတွေ့ရှိနိုင်ပါတယ်။** အမေရိကန်တို့အတွက် လိုအပ်တဲ့ လုပ်ကြံသတင်းအချက်အလက်တွေကိုလည်း ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးများကို ငွေကြေးထောက်ပံ့မှုနဲ့ဖလှယ်ပြီး ရယူခဲ့တာဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ **“မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအား ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြ စွပ်စွဲချက်များ လုံးဝမှန်ကန်မှုမရှိကြောင်း”** အဆိုကို အလေးအနက်ထောက်ခံကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

စာမျက်နှာ ၁၂ မှ

အမေရိကန်နဲ့ နောက်လိုက်တွေရဲ့ ရည်ရွယ်ချက်ကတော့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်လမ်းခင်းပေးနေတဲ့ အမျိုးသားညီလာခံကြီးကို ဖျက်ဆီးပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကို NLD နဲ့အပေါင်းအပါတွေ အာဏာရရှိရေးအဖြစ် ထောင်ချောက်ဆင်ကျုံးသွင်းနေတာဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံ ပျက်စီးအောင် အမေရိကန်အားကိုးနဲ့ လုပ်ဆောင်နေတဲ့ NLD နဲ့ အပေါင်းအပါတွေရဲ့ လုပ်ရပ်ကို ပြန်လည်ဆန်းစစ်ကြည့်ရင် အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ လုပ်ရပ်တွေကိုသာ အစဉ်တစိုက် ကျင့်သုံးလာခဲ့တာဖြစ်ပါတယ်။

အားလုံးသိတဲ့အတိုင်း NLD နဲ့ အပေါင်းအပါတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် နိုင်ငံတော်အစိုးရက ကျင်းပပေးတဲ့ ညီလာခံအစည်းအဝေးတွေကစပြီး ကောင်းပြီကောင်းလျက်နဲ့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ၁၉၉၃ခုနှစ်မှာ စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကိုလည်း NLDမှ ကိုယ်စားလှယ် ၁၀၀ ခန့်တက်ရောက်ပြီး ကိုယ်စားလှယ်အများစုရဲ့ဆန္ဒနဲ့ ညီနိုင်းပြီး အခြေခံမူ ၁၀၄ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ကို သဘောတူ ချမှတ်ခဲ့ကြပါတယ်။

အဲဒီလို အခြေအနေကောင်းတွေဖြစ်ပေါ်နေချိန်မှာ အမေရိကန်နဲ့ ၎င်းရဲ့ ဩဇာခံများက တစ်စခန်းထပြီး ကဖျက်ယဖျက် လုပ်လာတာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ အဲဒီလို လုပ်ရသလဲဆိုရင် အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူ ၁၀၄ချက် ချမှတ်ခဲ့ရာမှာ မြန်မာ့မြေပေါ်၌ မည်သည့်နိုင်ငံခြားတပ်ဖွဲ့မျှ တပ်ချခြင်းကို ခွင့်မပြုဆိုတဲ့ အခြေခံမူ ပါဝင်လို့ပဲ ဖြစ်ပါတယ်။ ဒီအခြေခံမူကို မြန်မာ့မြေပေါ်မှာ အခြေစိုက်စခန်းထူထောင်ထားရှိပြီး ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်ဖို့ အနှစ်နှစ်အလလ ရည်မှန်းချက်ထား ကြိုးပမ်းခဲ့တဲ့ အမေရိကန်နိုင်ငံက လုံးဝလက်မခံနိုင်ခဲ့ပါဘူး။

ထို့အတူပဲ အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများမှာ တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏လက်အောက်ခံ(သို့မဟုတ်)တိုင်းတစ်ပါး၏ နိုင်ငံသား ခံစားရသောအခွင့်အရေးများကို ခံစားခွင့်ရှိသူ၊ နိုင်ငံခြားအစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော် လည်းကောင်း၊ အထောက်အပံ့ ရယူသူများ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိဟု ပါရှိခဲ့ပါတယ်။ ဒါကိုလည်း နိုင်ငံခြားရဲ့ ကျေးဇူးခံ ကျေးဇူးစားဖြစ်နေတဲ့ ဆန့်ကျင်ဘက်အဖွဲ့များနဲ့ သူ့ဆရာ အမေရိကန်က လက်မခံနိုင်ခဲ့ပါဘူး။

ဒါကြောင့် **အမေရိကန်၊ NLD နဲ့ အပေါင်းအပါတွေက ထိုအခြေခံမူများနှင့် အသေးစိတ် အခြေခံရမယ့်မူများအပေါ်မှာ အခြေခံရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ် ပေါ်ပေါက်မလာခင် မြန်မာနိုင်ငံမှာ အမေရိကန်အလိုကျ ဩဇာခံရုပ်သေးအစိုးရ အာဏာရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖျက်သမားတစ်သိုက် စည်းဝါးကိုက်ပြီး အခုလို လုပ်ဆောင်လိုက်တာပဲ ဖြစ်ပါတယ်။**

သဘာပတိကြီးခင်ဗျား–

ဒါ့ကြောင့် ၂၀၀၄ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့ပေမယ့် NLD နဲ့ အပေါင်းအပါ ပါတီတချို့က ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ပြီး တစ်ဖက်သတ် ငြင်းဆန်ခဲ့တာဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဖြစ်ထွန်းရေးကို NLD သာ အမှန်တကယ် လိုလားတယ်ဆိုရင် အမျိုးသားညီလာခံကို မတက်ရောက်နိုင်စရာအကြောင်း လုံးဝမရှိပါဘူး။

အမျိုးသားညီလာခံက ညှိနှိုင်းဆုံးဖြတ်ချမှတ်နေတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေဟာ ဟိုးယခင် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းတွေမှာ ပါဝင်တဲ့ မူတွေထက် တိုင်းရင်းသားလူမျိုးစုတွေရဲ့ အကျိုးစီးပွားကို အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးဖော်ဆောင်ပေးထားသလို ပြည်သူလူထုရဲ့ လိုလားချက်တွေကို ဒီမိုကရေစီအနှစ်သာရပြည့်ဝစွာ ဖော်ဆောင်ပေးထားတာဖြစ်လို့ NLD သာ အမှန်တကယ်ရိုးသားရင် တိုင်းရင်းသားပြည်သူတွေနဲ့ ထပ်တူထပ်မျှ ဝမ်းသာအားရ ရှိရမှာပဲဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်နဲ့ NLD အုပ်စုရဲ့ လိုလားချက်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားရေးမဟုတ်ဘဲ ၎င်းတို့အလိုကျ ပြည်ပဩဇာခံ အစိုးရအာဏာရရှိရေးပဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ တစ်မျိုးသားလုံးအရေးကို စုပေါင်းညှိနှိုင်းပြီး ပုံဖော်နေတဲ့ အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ၎င်းတို့နဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကိုပဲ အသေဆုပ်ကိုင်တောင်းဆိုနေကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တွေအနေနဲ့ ကျရာအခန်းကဏ္ဍကနေ နိုင်ငံတော်နဲ့ပြည်သူလူထုကို ကိုယ်စားပြုရပ်တည်ကြမှာပဲ ဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင်၊ ဆုံးရှုံးနစ်နာအောင် လုပ်ဆောင်မှုမှန်သမျှကို ဆန့်ကျင်ဟန့်တား သွားကြရမှာပဲဖြစ်ပါတယ်။

အမေရိကန်အနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖြစ်ထွန်းရေးကို စေတနာ သန့်သန့်ဖြင့် လိုလားတယ်ဆိုရင် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်ပေးနေတဲ့ အမျိုးသားညီလာခံကို ထောက်ခံအားပေးသင့်ပါတယ်။ NLD နဲ့အပေါင်းအပါတွေအနေနဲ့လည်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို ဟိုယခင် မိမိတို့ ပါဝင်တက်ရောက်ဆုံးဖြတ်ခဲ့စဉ်က သဘောထားအမှန်အတိုင်း ဆက်လက်လက်ခံပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်သွားသင့်တာ အမှန်ပဲဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်၊ ပြည်သူတို့နှင့်အတူ ကျွန်တော်တို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်တွေကတော့ ကမ္ဘာသိကြေညာချမှတ်ပြီး လက်တွေ့ကျကျ စတင်ဖော်ဆောင်နေတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ခရီးဆုံးပန်းတိုင်ရောက်သည်အထိ နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

အခုလို နိုင်ငံတော်ရဲ့ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းတွေနဲ့အညီ ယှဉ်တွဲဖော်ဆောင်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို နှောင့်နှေးကြန့်ကြာအောင်၊ ဆုတ်ယုတ်ပျက်စီးအောင် လုပ်ဆောင်မှုမှန်သမျှကို အမျိုးသားရေး သတိရှိစွာဖြင့် တားဆီးတိုက်ဖျက် ချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒ့ါကြောင့်မို့ **“မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း”** အဆိုအား အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ။

စာမျက်နှာ ၁၁ မှ

နေတာလည်းဖြစ်ပါတယ်။ ပြည်တွင်းမှ ၎င်းတို့ထံကို သတင်းပေးနေသူတွေဟာ ပုဂ္ဂိုလ်ရေးခံစားချက်ရှိသူတွေ၊ နိုင်ငံရေးအယူလွဲမှားသူတွေ၊ သတင်းရောင်းစားနေသူတွေဖြစ်တာမို့ သူတို့ပေးပို့နေတဲ့ သတင်းတွေရဲ့တန်ဖိုးကို အကဲဖြတ်လို့ ရနိုင်ပါတယ်။ သူတို့ပေးပို့တဲ့ သတင်းတွေဟာ ဘက်လိုက်မှု၊ အာဃာတထားရှိမှု စိတ်ဆန္ဒအလို လိုက်ပါမှုတွေရှိနိုင်ကြောင်း ကျွန်တော်တို့ အားလုံးအသိပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပြိုကွဲအောင်၊ ပြည်သူတွေအတွင်း ယုန်ထင်ကြောင်ထင်ဖြစ်ပြီး စိတ်ဝမ်းကွဲပြားမှုဖြစ်အောင်၊ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် အမြင်စောင်းအောင်၊ အမေရိကန်နဲ့ အပေါင်းအပါတွေ၊ လက်ဝေခံတွေ၊ ပြည်ပကိုအားကိုးနေကြတဲ့ အမျိုးသားသစ္စာဖောက်တွေ တစ်ကိုယ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး မြန်မာနိုင်ငံအပေါ် လုပ်ကြံနေတဲ့ ဖုံးကွယ်ထားသော အတွင်းရေးတွေဟာ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ရေးဖွဲ့လို့ မကုန်နိုင်အောင် ရှိနေပါတယ်။ ဖြစ်ရပ်ဖြစ်စဉ်တွေကို သက်ဆိုင်ရာက မှတ်တမ်းမှတ်ရာ အထောက်အထားတွေ၊ လူသက်သေပစ္စည်းသက်သေတွေနဲ့နှစ်ရှည်လများ ကြိမ်ဖန်များစွာ ရှင်းလင်းထုတ်ပြန် အသိပေးထားလို့ ကျွန်တော်တို့ မမေ့မလျော့ မပေါ့မဆဘဲ အမျိုးသားရေး သတိနဲ့ အမြဲ သုံးသပ်ကြည့်ရှု သတိပြုကြဖို့ လိုအပ်နေပါပြီ။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု မြန်မာနိုင်ငံဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်တဲ့အတွက် မိမိနိုင်ငံ၊မိမိပြည်သူများ ငြိမ်းချမ်းလုံခြုံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးသာယာရေးကို ပြည်သူ့ဆန္ဒနှင့် အညီ ဆောင်ရွက်ခွင့်ရှိပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရခဲ့တဲ့ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့မှစပြီး တိကျတည့်မတ်တဲ့ ကြားနေရေး(ဝါ) ဘက်မလိုက် နိုင်ငံခြားရေးဝါဒ၊ တစ်နည်းအားဖြင့် တက်ကြွပြီး လွတ်လပ်တဲ့ နိုင်ငံခြားရေး မူဝါဒချမှတ် ကျင့်သုံးခဲ့ပါတယ်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို လက်ခံကျင့်သုံးခဲ့ပါတယ်။

ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် ကမ္ဘာ့မိသားစု တာဝန်များကို ကျေပွန်တက်ကြွစွာ ပါဝင်ထမ်းဆောင်ခဲ့ပါတယ်၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး စတင် ဖော်ထုတ်ခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံဟာ အစုအဖွဲ့ဝင် ၁၁၈ နိုင်ငံမှာ ပါဝင်ပါတယ်၊ အာဆီယံ (ဝါ) အရှေ့တောင်အာရှဒေသ ၁၀နိုင်ငံစလုံးပါဝင်တဲ့ အသင်းကြီးမှာ ပါဝင်ပါတယ်၊ ဘင်းမ်စတက်(ဝါ)အရှေ့တောင်အာရှနှင့်တောင်အာရှ စီးပွားပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ မဲခေါင် မြစ်ဝှမ်းငါးနိုင်ငံအဖွဲ့ အပါအဝင် ဒေသတွင်းနိုင်ငံစုံ အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တာဝန်သိသိနဲ့ ချစ်ကြည်ရေး၊ ချစ်ကြည်ရေး အခြေခံ အပြန်အလှန် လေးစားရေး အခြေခံနဲ့ ဆောင်ရွက်ခဲ့လို့ ဒေသတွင်းမှာလည်း ငြိမ်းချမ်းဖွံ့ဖြိုးလာပါတယ်၊ နိုင်ငံတွင်းမှာလည်း အဖွဲ့ကြီး ၁၇ ဖွဲ့ အဖွဲ့ငယ် ၁၈ဖွဲ့ ဥပဒေဘောင်ထဲ ဝင်လာလို့ ငြိမ်းချမ်းလာပါတယ်။

ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်မှာ ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်၊ ကျေးလက်မကျန် အထူးတလည် ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ကုလသမဂ္ဂရဲ့ နိုင်ငံအားလုံး တန်းတူရေးမူ၊ အပြန်အလှန် လေးစားရေးမူ၊ မစွက်ဖက်မကျူးကျော်ရေးမူများကို ယုံကြည်လိုက်နာခံယူကျင့်သုံးခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒီပကတိဖြစ်ရပ်များကိုကြည့်ရင် အမေရိကန်နိုင်ငံက ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းနဲ့နိုင်ငံတကာ ငြိမ်းချမ်းရေးထိပါးလာနိုင်တဲ့ အခြေအနေ (Threat to Peace) ရှိနေတယ်လို့ စွပ်စွဲချက်ဟာ လုံးဝယုတ္တိမတန်တာ ထင်ရှားနေပါတယ်။ ယခုတင်ပြထားပြီးတဲ့ အခြေအနေများအရ မြန်မာနိုင်ငံဟာ လုံခြုံရေးကောင်စီမှာ ဆွေးနွေးရမယ့် အာဂျင်ဒါထဲထည့်သွင်းနိုင်မည့် အခြေအနေပင်မရှိကြောင်း ထင်ရှားနေပါတယ်။ Law of United Nations အရလည်း အကျုံးမဝင်ကြောင်း ထင်ရှားနေပါတယ်။ Law of United Nations ကို အတိအကျ လိုက်နာတဲ့နေရာမှာ မြန်မာနိုင်ငံဟာ စံနမူနာပြ အဖြစ်တောင် ရှိနေပါတယ်။

ဒါကြောင့် **“မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်လာစေနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း”** အဆိုအား လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ပါတယ်ခင်ဗျား။ ။

ဂျပန်နိုင်ငံတွင် သင်တန်းသားလုပ်သားများအလိုရှိသည်

ဂျပန်နိုင်ငံ Keizai Ryutsu Service Cooperative Association Japan တွင် သင်တန်းသားလုပ်သားများ အမြန်အလိုရှိပါသည်။

၁။	အရေအတွက်	– ၆ဦး
၂။	အသက်	– (၂၀–၃၅)နှစ်
၃။	ပညာအရည်အချင်း	– တက္ကသိုလ်ဝင်တန်းအောင်
၄။	အခြေခံလစာ	– တစ်လလျှင် အနည်းဆုံး ယန်း ၈၀၀၀၀
၅။	အချိန်ပိုလုပ်အားခ	– တစ်နာရီလျှင် ယန်း ၅၀၀
၆။	ခွင့်ရက်နှင့်အလုပ်ပိတ်ရက်	– ဂျပန်နိုင်ငံ ဥပဒေအတိုင်း ဖြစ်ပါသည်။
၇။	အချိန်အကန့်အသတ်	– တစ်လအတွင်း
၈။	ဝန်ဆောင်ခ	– ဒေါ်လာ ၁၀၀၀နှင့်ညီမျှသော မြန်မာကျပ်ငွေ ဖြစ်ပါသည်။

မှတ်ချက်။ ။ နိုင်ငံကူးလက်မှတ် Passport မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိလိုပါက – **Kaung & Sons International Co.,Ltd. အမှတ် ၂၁၈၊ ၃၁လမ်း၊ အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁–၅၄၉၅၃၊ ၂၄၂၄၂၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

ထန်းတပင် စည်ပင်သာကျေးရွာတံတား ပိုင်ရိုက်စက်ဖြင့် ပြုပြင်ဆောင်ရွက်

ထန်းတပင် အောက်တိုဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်လမ်းပေါ်ရှိ စည်ပင်သာကျေးရွာတံတား ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ စက်တင်ဘာ၁၈ ရက်ကစည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ)ဦးကျော်သည်ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြီးမြင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့နှင့်အတူ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စင်တို့က တံတားတိုင်များအား ပိုင်ရိုက်စက်ဖြင့်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ)က လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရှေ့လမ်းမတော် လမ်းတစ်လျှောက် လမ်းလယ်ကျွန်း ဆောင်ရွက်ခြင်းနှင့် မြက်ကပ် ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၂၆ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဒေါ်နွယ်နွယ်ယဉ် တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မိုင်းဖြတ်၌ အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာပေးအပ်

မိုင်းဖြတ် အောက်တိုဘာ ၁

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် မွန်းလွဲပိုင်းက မိုင်းဖြတ်မြို့နယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

လက်ခံရယူ

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** အဆိုပြုလွှာပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချောစုမျိုးညွန့်က မိုင်းယောင်းမြို့မှ အဆိုပြုလွှာအစောင်၇၀ကိုလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ အဆိုပြုလွှာ၅၅စောင်ကို ဒေါ်နန်းရွှေဥက လည်းကောင်း၊ မိုင်းဖြတ်မြို့မှ အဆိုပြုလွှာအစောင်၁၃၀ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက လည်းကောင်း လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
၁၂-၁၀-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
(၁) မမေ့သောအညာ (သန်းထွန်းလေး)
(၂) မဟာဇနက (ဒေါ်ရင်ရင်)
(၃) အညာတစ်ခေါက် (ထွန်းထွန်းလေး)

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အထူးအသည်းအားဆေး ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဘုရားကိုးဆူပူဇော်နည်း (ကျီးသဲလေးထပ် ဆရာတော်ကြီး)
(၂) ပတ္တမြားရတနာ တက္ကသိုလ်ဝင် စာစီစာကုံးများ (ဦးဝမ်ထိန်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှုရှာပုံတော်) (ပထမပိုင်း) (မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ကြက်တက်ရွက်နှင့် ထားဝယ်မှိုင်း)

၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ကြားလေသွေးရင် ဝေးပါ့မယ် (ဇော်ဝမ်း)
(၂) ကြားလေသွေးလို့ ဝေးရမှာလား (ယင်းမာ)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အကြွင်းမဲ့သစ္စာ)

၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) ပွင့်ဦး (မောင်မောင်ညွန့်)
(၂) ဇေယျာကမ်းအလှပန်းချီ (ရီရီသန့်)
(၃) ချိုပလီ (မောင်ဝင်းမြင့်)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စံပယ်တွေပွင့်ပြန်ပြီ (ကိုသစ်လွင်)
(၂) သံယောဇဉ် (မဉ္ဇူသင်း)
(၃) ပြောလိုက်ပါငွေသော်တာ (တက္ကသိုလ်မောင်ရေချမ်း)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ပဲခူးခရိုင်၌သင်တန်းဆင်း

ပဲခူး စက်တင်ဘာ ၂၀

ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲကို စက်တင်ဘာ ၄ရက်က ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးကြည်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ရာ ပထမဆုကို ရွှေကျင်မြို့မှ စာထောက်(၃) ဒေါ်ကေဇင်လတ်၊ ဒုတိယဆုကို ပဲခူးခရိုင်ရုံးမှ လုပ်သားရုပ်/သံ ဒေါ်စုစုဝါ၊ တတိယဆုများအဖြစ် ကဝမြို့မှ ရုပ်သံကျွမ်းကျင်(၃)ဒေါ်ညိုပြာ၊ ရွှေကျင်မြို့မှ လုပ်သား ရုပ်/သံဒေါ်မိုမိုသွင်တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင် အထက(၁)၌ ပညာရည်ချွန်ဆုချီးမြှင့်

ပြင်ဦးလွင် အောက်တိုဘာ ၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၉နာရီက ကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားမှူးအဖြစ် ဆရာမဒေါ်လှဲ့လှဲ့ဝင်းက ဆောင်ရွက်ပြီးအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာကာ ခရိုင်ပညာရေးမှူး ဦးမင်းအောင်နှင့် အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာတို့က အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသူ ကျောင်းသားတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** **(က-ပ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ မော်ကျွန်း၌ကျင်းပ စွမ်းစွမ်းတမံဆောင်ရွက်ကြသော ရဲတပ်ဖွဲ့ဝင်များ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုငွေများပေးအပ်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၄

(၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ၁ရက် ညနေ၅နာရီက မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ရဲတပ်ဖွဲ့လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်၁၃ ဦးတို့အား အမှုထမ်းကောင်းလက်မှတ်နှင့် ဆုငွေများကို မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် ရဲတပ်ဖွဲ့ နေအိမ်လိုင်းခန်းသန့်ရှင်းရေးတွင် အကောင်းဆုံးဆုရကြသူ သုံးဦးတို့အား မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းကြွယ်နှင့် အဖွဲ့ဝင်များက ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ စက်တင်ဘာ၂၆ရက်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေက ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိန်စေတီတော်ပရိဝုဏ်အတွင်း ဘက်စုံတည်ဆောက်ရန်အတွက် စက်တင်ဘာ ၂ ရက်က အလှူရှင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ကျားတံတားဦးဇိန်ဘုရားလမ်း အမှတ် ၇ နေ ဦးတင်ဖေ–ဒေါ်ထားစိန်မိသားစုက ငွေကျပ် ၁၂ သိန်းပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်းယုက လက်ခံယူစဉ်။ (၁၆၈)

ဝန်ထမ်းများ လုပ်ငန်းခွင်တိုးတက်မြင့်မားရေး မွမ်းမံသင်တန်းသားအဖွဲ့ စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပွဲနှင့် ပန္နက်ရိုက်ပွဲလေ့လာ

မိတ္ထီလာ အောက်တိုဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပျဉ်းမနားခရိုင်တို့ စုပေါင်းဖွင့်လှစ်သည့် ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းတိုးတက်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၀၆)မှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများသည် စက်တင်ဘာ ၂၆ ရက်က မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ် သာစည်မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲနှင့် မြေနေရာပန္နက်ရိုက်ပွဲများသို့ တက်ရောက်လေ့လာကြသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု တောမကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက်အဆောက်အအုံကို မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီတင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အဖွင့်အမှာစကားပြောကြားပြီး တောမကျေးရွာအုပ်စုဥက္ကဋ္ဌက စာကြည့်တိုက်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းလေ့လာရေးနည်းပြနှင့် သင်တန်းသား၊သင်တန်းသူများသည် တောမကျေးရွာအုပ်စု ရေချိုကျေး ရွာလင်းရောင်ခြည်စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ၊ သာစည်မြို့နယ် ကြက်မောက်ကျေးရွာ သုခမိန် စာကြည့်တိုက်နှင့် ဆည်ကြီး (မြောက်)ကျေးရွာ လူငယ်များစာကြည့်တိုက် အဆောက်အအုံ တည်ဆောက်မည့် မြေနေရာပန္နက်ရိုက်ပွဲ၊ ဆည်ကြီး (တောင်)စံပြကျေးရွာ မိုးသောက်ကြယ် စာကြည့်တိုက်နှင့်မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲများသို့ တက်ရောက်လေ့လာကြသည်။

လှူဒါန်း

ထို့နောက် မကျီးချောက်ကျေးရွာ ဆွမ်းခံတော်လမ်း တံတားတည်ဆောက်မှုတွင် စုပေါင်းလုပ်အားဒါန ပြုကြပြီး တံတားအတွက် မန္တလေးတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ လှူဒါန်းသည့်အလှူငွေကျပ် ၁၆၄၀၀ ကို ကိုးဆူကျောင်းဆရာတော် ဦးဇာဂရ၊ ဝမ်းတော်ပြည့်ကျောင်းတိုက်ဆရာတော်ဦးသုဇာတတို့ထံ လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် အမှတ် ၁၉ နတ်မောက်ရိပ်သာလမ်း တာမွေမြို့နယ် ရန်ကုန်မြို့နေ ဦးတင်ဆောင်–ဒေါ်တင်တင်မြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဆင်ဖြူကျွန်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းသူ ကျောင်းသားများ ဓမ္မလင်္ကာရွတ်ဆိုပူဇော်

ဆင်ဖြူကျွန်း အောက်တိုဘာ ၁

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ လူမှုဝန်ထမ်းဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ ကျောင်းသား ကျောင်းသူလေးများ ဓမ္မလင်္ကာရွတ်ဆိုပူဇော်ပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောနွယ်မြင့်က အစီအစဉ်များကို ကြေညာပြီး ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ရပုံကို လည်းကောင်း၊ ဆရာမ ဒေါ်လှဝင်းရီက ကလေးများအား သင်ကြားပို့ချခဲ့ရပုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျင်းပရေးအဖွဲ့နှင့်ဝတ်အသင်းခေါင်းဆောင် ဒေါ်စိန်စိန်ဝင်းနှင့် လက်ထောက်ဆရာမတို့က စီစဉ်သင်ကြားပေးသော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ အာရုံခြောက်ပါး ဓမ္မလင်္ကာကိုကလေးများကသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ကျင်းပရေးအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ကြပြီး ကျင်းပရေးအဖွဲ့ခေါင်းဆောင်က အာဟာရဒါနပြုကြသည်။ **(က–ပ)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သာယာ ၁၈ လမ်း ကတ္တရာခင်းနိုင်ရန်အတွက် အောက်ခံမြေလွှာပြုပြင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိဦးတင်ဝင်း ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ဗန်းမော်ဈေးများအတွင်း သန့်ရှင်းရေးဆောင်ရွက် စိမ်းလန်းစိုပြည်ရေး ပန်းအလှပင် ပျိုးဥယျာဉ်ထူထောင်

ဗန်းမော် စက်တင်ဘာ ၃၀

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုလိုက်ပါလျက် စက်တင်ဘာ ၉ ရက်က ကချင်ပြည်နယ်ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ဗန်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ မြို့ရွာများ သန့်ရှင်းသပ်ရပ်၊သာယာလှပရေးလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေး ပန်းအလှပင် ပျိုးဥယျာဉ်ထူထောင်ထားရှိမှုများ၊ အဖွဲ့ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်ထားရှိမှုများ၊ ဈေးများအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့်တာဝန်ခံအင်ဂျင်နီယာဦးသိန်းတို့က လိုက်လံရှင်းလင်း ပြသခဲ့ပြီး ဗန်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စည်ပင်သာယာရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(ဝဲပုံ)** **(မြို့နယ်စည်ပင်)**

မြိုင်မြို့နယ်၌ ဆိတ်မွေးမြူရေးသင်တန်းဖွင့်

မြိုင် စက်တင်ဘာ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်း ဦးစီးဌာန မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့်အဖွဲ့သည် ကျေးလက်ဒေသမွေးမြူရေး(ဆိတ်မွေးမြူရေး)သင်တန်းဖွင့်ပွဲကို သြဂုတ် ၁၇ ရက်နံနက် ၁၀နာရီကမြိုင်မြို့နယ်တဲကြီးကျေးရွာဆိတ်မွေးမြူရေးခြံ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် ဦးဆောင်ညွှန်ကြားရေးမှူး **(အောက်ပုံ)** နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒေါက်တာတင်အောင်မြင့်က ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ခရိုင်မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူများအား ဆိတ်များ စနစ်တကျ မွေးမြူထားရှိမှုကို လိုက်လံပြသ ရှင်းလင်းပြောကြားသည်။

နှစ်ပတ်ကြာ

သင်တန်းသို့ တဲကြီး၊ဒါန်းပင်ကန်၊ လင်းကတော၊ ပန်းစွာနှင့် လှည်းခုတ်ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

ကလော စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ထူးချွန်အရန်အဖွဲ့ဝင်နှင့်၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်ကြီးစိုးတင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။ (၄၀၈)

ဖလမ်းမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပ အဘိုး အဘွားများ ပစ္စည်း၊ ငွေနှင့် ဆေးဝါးများ လှူဒါန်း

ဖလမ်း အောက်တိုဘာ ၅

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ၁နာရီက မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းငွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဦးဝင်းအောင်နှင့် အထူးကု ဆရာဝန်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊သူနာပြုသင်တန်းကျောင်းသူများနှင့် အသက် ၈၀ ကျော် သက်ကြီးရွယ်အို ၂၃ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေက အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးရွယ်အိုများကိုယ်စား ပြည်နယ်ပညာရေးမှူး(ငြိမ်း)ဦးဆွမ်မန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ သက်ကြီးရွယ်အိုများအား ဌာနအလိုက် လက်ဆောင်ပစ္စည်းများ၊ ငွေများနှင့် ဆေးဝါးများ လှူဒါန်းကြပြီး အထူးကုဆရာဝန်ကြီးများက သက်ကြီးရွယ်အိုများအား အခမဲ့စစ်ဆေးကုသ ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်တုန်းအထက(၁) မိဘဆရာအသင်းစည်းဝေး စွမ်းစွမ်းတမံသင်ကြားပေးသော ဆရာ ဆရာမများဂုဏ်ပြု

ညောင်တုန်း အောက်တိုဘာ ၇

ညောင်တုန်းမြို့ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က လှိုင်ပညာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေက ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် ကျောင်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များ၊ မိဘဆရာအသင်း ဖွဲ့စည်းရခြင်းအကြောင်းများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်က အရွယ်ရောက်သူတိုင်း ပညာသင်ကြားရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဖုန်းမြင့်က ကျောင်းအဆောက်အအုံ ပရိဘောဂ ဆောင်ရွက်မှုအခြေအနေ ကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါက်တာအေးငြိမ်းက ကျောင်းတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးကျော်အေးက ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေနှင့် တာဝန်ရှိသူများက ကျောင်းတွင်း ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများ အောင်ချက် မြင့်မားအောင်နှင့် ဂုဏ်ထူးရရှိအောင် ကြိုးပမ်းသင်ကြားခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ ပြန်လည်ဖွဲ့စည်းကြသည်။

(၀၉၈)

ဖောင်းပြင်မြို့ ဗန္ဓုလလမ်းကို ရွှံ့ဗွက်များ၊ ရေအိုင်များတွင် မြေကြီးနှင့် ကျောက်များဖို့ခြင်း၊ လမ်းမျက်နှာပြင် မြေညှိခြင်း၊ လမ်းဘေး ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၁၀ ရက်က စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသိန်းဟန် ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

တောင်ကြီး အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၀

တောင်ကြီးမြို့ အထက(၁) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၉၄၅မှ ၁၉၉၀)အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား နိုဝင်ဘာ ၅ ရက်တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အဝေးရောက် ဆရာ ဆရာမများ အားလုံး သက်ဆိုင်ရာ ကျောင်းသူ ကျောင်းသားများထံသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများ လှူဒါန်းလိုပါက ကိုကျော်သိန်း(ရန်ကုန်) ဖုန်း-၀၉ ၅၁၆ ၀၉၇၇၊ ကိုဘိုဖြူ (ရန်ကုန်) ဖုန်း-၀၉ ၅၁၁၃၉၅၅၊ ကိုကိုလတ် (ရန်ကုန်) ဖုန်း-၀၉ ၅၁၂၀၅၄၁၊ ကိုထွန်းအေး (တောင်ကြီး) ဖုန်း-၀၉ ၅၂၁၀၇၂၇၊ ကိုထွန်းလွင် (တောင်ကြီး) ဖုန်း-၀၉ ၅၁၄၃၁၂၉၊ ကိုဆန်းကြည်(တောင်ကြီး) ဖုန်း-၀၉ ၅၂၁၂၇၉၃၊ ခွန်ဝင်းကြည် (တောင်ကြီး)ဖုန်း-၀၉ ၅၂၁၀၂၃၅၊ စိုင်းသီဟ(မန္တလေး) ဖုန်း-၀၉ ၅၁၅ ၇၆၅၉ နှင့် စိုင်းဟွမ် (ကျိုင်းတုံ) ဖုန်း-၀၉ ၅၂၅၀၆၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

နာမ်-ရုပ် လေ့ကျင့်ရေး အလုပ်စခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၀

ဆရာကြီးဦးငွေအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ စနစ်သစ်လေ့လာနည်းဖြင့် သင်ကြားသော ဗုဒ္ဓဒေသနာသင်တန်း (၂၄)ကြိမ်မြောက်ကို ရှင်သာမဏေဗိမာန် အာဇာနည်လမ်း အလယ်ပစ္စယာရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၌ အောက်တိုဘာ ၂၁ ရက်မှစ၍ နိုဝင်ဘာ၁၀ ရက်အထိ နေ့စဉ်နံနက် ၇နာရီခွဲ မှ ၈နာရီခွဲအထိ ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်သည်။ ဗုဒ္ဓနည်း နာမ်-ရုပ် လေ့ကျင့်ရေး အလုပ်စခန်းကို နိုဝင်ဘာ ၁၂ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လေ့ကျင့်ပွားများမည်ဖြစ်ရာ တက်ရောက်နာကြားပွားများအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဟင်းသီးဟင်းရွက်စိုက်ခင်း ပေါင်းမြက်များ ရှင်းလင်း

ဒီမောဆို စက်တင်ဘာ ၂၀

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ စက်တင်ဘာ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဒေးဖဲက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။

(နယ်စပ်/စည်ပင်)

ညောင်ရွှေမြို့ ရွက်လှမြိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်

ညောင်ရွှေ အောက်တိုဘာ ၄

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက်က ရွက်လှမြိုင် ပျိုးဥယျာဉ်အတွင်းနှင့် လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပန်းများ အမြဲပွင့်ဖူးစေရေး၊ ပျိုးဥယျာဉ်တွင် ပျိုးပင်များအမြဲမပြတ်ရှိနေစေရန် မြေဆွေးများဆန်ခါချခြင်း၊ ပျိုးအိတ်ထုပ်ခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုကိုအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သာယာလှပရေးလုပ်ငန်းများ ဆောင် ရွက် လျက်ရှိရာ ညောင်လေးပင်မြို့ မ ဈေး ရှေ့ တွင် မြေခင်းအလှ ပြုပြင်ထားမှု အခြေအနေကို စက်တင်ဘာ ၁၉ ရက်က ပဲခူးတိုင်း စည်ပင် သာယာရေးအဖွဲ့ ဒုတိယ ညွှန် ကြား ရေး မှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ကျောက်တိုင်လမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမြင့်လှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၀

မြတ်ဗုဒ္ဓ၏ ဘုရားဟော ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် အက္ခရာရေးထွင်းလျက်ရှိရာ ဝိနည်းပိဋက နောက်ဆုံးပဥ္စမကျမ်းစာအုပ် ပရိဝါရ ပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ လှူဒါန်းကြသော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၂၈) ရပ်ကွက် အောင်ချမ်းသာ လမ်းနေ ဦးအောင်စိန်-ဒေါ်သိန်းခင်၊ သား မောင်ထွန်းလင်းအောင်မိသားစု၊ မြန်မာ့ရုပ်မြင်သံကြား MRTV-4အဖွဲ့မှ ဒေါ်သီရိလှိုင်၊ ဒေါ်မိမိထွေး၊ ဒေါ်ဇာနွယ်နွယ်စန်း၊ ဒေါ်မြတ်ဦးလှိုင် အဖွဲ့သားများ၊ တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်းနေ ဒေါက်တာငြိမ်းသူအောင်-ဒေါ်ခင်သန်းမူ၊ သမီးမဖူးသက်ခင်၊ မရှင်ငြိမ်းသူ မိသားစု၊ ဒလမြို့နယ် အုံကြီးအနောက်ရပ်ကွက် အနော်ရထာ ၄ လမ်းနေ ဖခင်ဦးပေါက်ဖော်-မိခင် ဒေါ်ရီ တို့အား ရည်စူး၍ မောင်သိန်းထွန်း၊ တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် ကုန်းဘောင် ၁၅ လမ်းနေ ဖခင်ဦးမြင့်သိန်းအား ရည်စူး၍ မိခင်ဒေါ်ရီနှင့် သမီးမညို၊ မစုလှိုင်နှင်း (ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်)မိသားစု၊ ပုဇွန်တောင်မြို့နယ် ကွက်သစ်လမ်းနေ ဦးစိုးလွင်-ဒေါ်ခင်သက်၊ သား ဖြိုးမင်းအောင်မိသားစု၊ မရီစန္ဒီစိုး (အသက် ၂၆နှစ်ပြည့် မွေးနေ့အလှူ)၊ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း (၂)ရပ်ကွက် တိုက် ၂၇၇နေ ဒေါ်လှမြသန္တာ မွေးနေ့အလှူတို့က ကြေးပြားတစ်ချပ်စီ၊ ကမာရွတ်မြို့နယ် ဝင်ဒါမီယာရပ်ကွက်အမှတ် ၁၃၅နေ မောင်ကျော်မိုးအောင်-မအေမီအောင်တို့၏ မင်္ဂလာဦးအလှူ၊ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် ၇၄နေ ဗိုလ်မှူးသာဝင်းအား ရည်စူး၍ ဇနီးဒေါ်သန်းညွန့်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုတို့က ကြေးပြားနှစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာ တိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အိုင်အိုဒင်းဆားစစ်ဆေး

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် သားငါး အရောင်းဆိုင်များနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချမှုရှိရေးနှင့် အိုင်အိုဒင်းဆား ရောင်းချမှုရှိစေရေးတို့ အတွက် စက်တင်ဘာ ၁၀ ရက်က မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် ဝန်ထမ်းများ ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဝင်းနှင့် ဝန်ထမ်းများ စက်တင်ဘာ ၇ ရက်က မြို့လယ် တြိဂံပန်းခြံ၌ ပန်းအလှပင်များ မွမ်းမံစိုက်ပျိုးခြင်း နှင့် ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသားညီလာခံကြီး၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ရှုမြင်နိုင်သည့် အခြေအနေကိုရောက်ရှိလာသည်နှင့်အမျှ ပြည်တွင်းပြည်ပအဖျက်သမားများ၏ ဖြတ်လမ်းကအာဏာရရှိရေး မျှော်မှန်းချက် မှေးမှိန်လာ

အကြမ်းဖက်မှု၊ ဆူပူအုံကြွမှုတို့ဖြစ်အောင် နည်းလမ်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိ အနှောင့်အယှက်၊ အဟန့်အတား ကြုံတွေ့ပါစေ အောင်မြင်သည်အထိလုပ်ရန် သန္နိဋ္ဌာန်ချထား

ရန်ကုန် အောက်တိုဘာ ၁၀

ယနေ့ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဒီကနေ့အခမ်းအနားမှာ အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့်တကွ တက်ရောက်လေ့လာကြသော သံတမန်များ၊ ပြည်တွင်းပြည်ပမှ သတင်းထောက်များ၊ စာနယ်ဇင်းပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အဖွင့်မိန့်ခွန်း ပြောကြား

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

များစွာဂုဏ်ယူ

တိုင်းပြည်နဲ့ လူမျိုးရဲ့အနာဂတ်ကို ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ်နဲ့ အရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ဒီအမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ်တော်ကြီးများကို ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းနဲ့ စိတ်အားထက်သန်စွာ ပြန်လည်တွေ့ဆုံရတဲ့အတွက် ဝမ်းသာဝမ်းမြောက်ဖြစ်

စာမျက်နှာ ၅ ကော်လံ ၁

မိမိတို့တိုင်းပြည်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး မတော်မတရားပြုမူသော လုပ်ရပ်များကို အမျိုးသားညီလာခံကိုယ်စားလှယ်များသာမက ပြည်သူများကပါ ခံပြင်းသောစိတ်များ တဖွားဖွားပေါ်ပေါက်နေ

မြန်မာနိုင်ငံပြည်တွင်းရေးကို ပြည်တွင်းပြည်ပအချို့က မည်သို့ပင် နှောင့်ယှက်ဖိအားပေးစေကာမူ ဒီမိုကရေစီပန်းတိုင်သို့ မရောက်ရောက်အောင် မလျှော့သောဇွဲ၊ လုံ့လဖြင့် ချီတက်မည်

ရန်ကုန် အောက်တိုဘာ ၁၀

အမျိုးသားညီလာခံစုံညီအထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံစုံညီအထူးအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့်

စာမျက်နှာ ၁၃ ကော်လံ ၁